The Arakan International

# နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်

အမှတ် (၄)
အေပရယ်လ
၂၀၁၁ ခုနှစ်။

*…ဉာဏ်ပညာကိုရှိတန်းတင်ကြိုးပမ်းအားထုတ်တတ်တေအလောင်းတော်ရှိရေဖုရားဖြစ်စွာအယင်ဆုံးပါ။တနည်းအားဖြင့်အကောင်း၊အဆိုး၊အမှား၊အမှန်တိကိုဝေဖန်၊သုံးသပ်၊စီစစ်တတ်တေဉာဏ်ပညာသည်သာလျှင်…..*(စာ ၁၄)



*အပြင်ပမ်းကိုဖြုန်းခနဲကြည့်ဖို့ဆိုကေအားလုံးအဆင်ချောချော၊ပြေပြေညက်ညက်၊အံဝင်ဂွင်ကျ၊လက်ညှိုးညွှန်ရာလိုရာဖြစ်စီလို့ထင်ရစရာဖြစ်နိန်သည့်တိုင်သူရို့တိစွာလည်းအချစ်၊အမုန်း၊လောဖ၊ဒေါသ၊မောဟအစဟိစွာတိနန့်ဖွဲ့စည်းထားရေပုထုဇဉ်လူသားတိဖြစ်ကတ်တေအတွက်……(စာ ၁၂)*




*တတိယမြောက်သမ္မတသက်တမ်းအတွက်အရွီးခံရန်ပါတီမှအဆိုတင်သွင်းမှုကိုမှုဂျက်ဖာဆင်ငြင်းပါယ်လိုက်သည်။မည်သည့်လူပုဂ္ဂိုလ်မဆိုနိုင်ငံသမ္မတအဖြစ်တတိယအကြိမ်မြောက်အထိရာထူးလက်ခံသင့်သည်ဟုသူမယုံကြည်ပါချေ။…..(စာ ၁၆)*




*"ကိစ္စမဟိဝေါယင်းပိုင်ဆိုကေလောလောဆယ်ယင်း၄၀ကိုရာပီးလိုက်၊ကျန်စွာဖေသာ ၁၀ ကိုမင်းနောက်မှပီးလီ၊ ငါဒါဒေါင်ထားလိုက်မေ"*

*(စာ ၁၅)*

# တော်ဝင်အာဝါဟဝိဝါဟ



အပေါင်း၊အပေါင်းတိ၏နိန်ရာမှာအသစ်အသစ်တိကအစားထိုးဝင်ရောက်ဗျာယ်အဆောင်အယောင်သစ်၊အခြေအနေသစ်၊လူသစ်၊စိတ်သစ်၊အားမာန်သစ်တိနန့်အတူသမိုင်းသစ်၊ခေတ်သစ်တိကိုဖန်တီးကတ်စမြဲပါ။လူသားသမိုင်းယဉ်ကျေးမှုဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်ထဲမှာသက်ဆိုင်ရာလူသားမျိုးနွယ်စုရို့အလိုက်ရာစုနှစ်ပေါင်းများစွာတည်ထောင်အုပ်စိုးသူ၊ကြီးကြပ်ကွပ်ကဲသူဘုရင်နန့်ဘုရင့်မိသားစုရို့၏အခန်းကဏ္ဍကိုပစ်ပါယ်လို့မရစကောင်းပါ။ကမ္ဘာ့သမိုင်း၏နောက်ဆုံးကျန်လိုက်တေဘုရင်မင်းဆက်တိထဲမှာဗြိတိန်မင်းဆက်ရေအထင်သျှားဆုံးနန့်လူသိအများဆုံးမင်းဆက်တခုဖြစ်ပါရေ။အေဂုယင်းနန်းစဉ်မျိုးဆက်ထဲကအိမ်ရှိမင်းသားဝီလီယံ(နာမည်အပြည့်အစုံ– William Arthur Philip Louis ) နန့်သူ့ကြင်ယာတော်လောင်းကိတ် (Catherine Elizabeth Middleton)ရို့၂၀၁၁ခုနှစ်အေပရယ်လ ၂၉ ရက်နိကသူရို့၏တော်ဝင်သမက်တက်ပွဲတော်ကိုကျင်းပလားကတ်ပါရေ။

ကမ္ဘာတလွှားကလူသန်းပေါင်း၂၀၀၀ကျော်လောက်(တီဗွီ(သို့မဟုတ်)အိန်တာနက်ကနိန်တဆင့်) ယင်းပွဲတော်ကိုအားပီးကြည့်ရှုကတ်တေလို့လည်းဆိုပါရေ။(အကျွန်တောင်ကြည့်ကောင်းကောင်းနန့်၁နာရီခွဲကြာလောက်ကြည့်ဖြစ်လိုက်ပါသိရေ။)အိမ်ရှိမင်းသားဝီလီယံ၏အဖဝေလမင်းသားနန့်ဒိုင်ယာနာမင်းသမီးရို့၁၉၈၁ခုနှစ်မှာသမက်တက်ကတ်ခါလည်းလူသန်းပေါင်း၇၅၀လောက်ကြည့်ရှုအားပီးကတ်တေလို့ဆိုပါရေ။မြကျွန်းညိုညို၊ကျောင်းတက္ကသိုလ်မှာတွိဆုံဖြစ်ကတ်ပနာအချင်းချင်းရင်းရို့ကြားကရင်းနှီးမှုနန့်ယုံကြည်မှုတိကိုလေးနှစ်တိုင်တိုင်တည်ဆောက်ပြီးကေအေဂုလက်ထပ်ကတ်တေစုံတွဲမှာကိတ်က၂၉နှစ်၊အိမ်ရှိမင်းသားဝီလီယံကကိတ်ထက်၅လငယ်ပါရေ။အိမ်ရှိမင်းသားချားလ်စ်ဒိုင်ယာနာကိုလက်ထပ်တေခါဒိုင်ယာနာအသက်၂၀ရာဟိသိပြီးကေယင်းအချိန်ကဗြိတိန်ခြပ်မသျှာများ၏ပျမ်းမျှအသက်ရေ ၂၃.၁ နှစ်လို့ဆိုပါရေ။

ယင်းသမက်တက်ပွဲတော်သို့ဗြိတိသျှဓနသဟာယအဖွဲ့ဝင်နိုင်ငံ၅၄နိုင်ငံကနိုင်ငံတော်အကြီးအကဲများစွာ၊နာမည်ကြီးအနုပညာသျှင်၊အားကစားသမားများစွာရို့တက်ရောက်ကတ်ပါရေ။ *(စာ ၁၂ သို့)* →

ကျွန်းတွင်ဇမ္ဗူ
လူတွင်ရခိုင်
ကြိုင်ဘိသတင်း
ကင်းဘိအပြစ်
ချစ်သည့်အမျိုး
ကြိုးသည့်လုံ့လ
မြတ်စာဂ နှင့်
နှစ်ဝနတ်လူ
ချစ်ကြည်ဖြူသည်
နိဗ္ဗူဆုတောင်းပြည့်အံ့တည်း။
*(သျှင်မဟာသီလဝံသ)*

# အယ်ဒီတာ့စကား

မိရိုးဖလာ မင်္ဂလာနှစ်သစ်ပါ။

ရခိုင်ရိုးရာနှစ်သစ်ကူးလဖြစ်တေဒေ၂၀၁၁ဧပြီလထဲမှာအိုင်ဗရီကို့စ်နိုင်ငံမှာရွီးကောက်ပွဲနိုင်သမ္မတသစ်အော်ထရာလက်ထဲသို့နိုင်ငံအာဏာပြန်ရောက်လားပါရေ။တောင်အမေရိကတိုက်ကပီရူးနိုင်ငံ၊ကာရိဘီယံကျွန်းစုထဲကဟေတီနိုင်ငံရို့မှာသမ္မတသစ်တိကိုရွီးချယ်တင်မြှောက်လားကတ်ပါရေ။ဂျပန်နိုင်ငံထိုကျိုမှာလက်ဟိမြို့တော်ဝန်ထပ်လို့အရွီးခံရပါရေ။ယင်းသျှောင်၊ယင်းသျှောင်မျိုးဧပရယ်လ၏အဖြစ်အပျက်တိများစွာထဲမှာအကြီးကျယ်ဆုံးတခုကတော့ကေဖြိုတိန်က တော်ဝင်သမက်တက်ပွဲပင်ဖြစ်ပါရေ။

ဆယ်စုနှစ်ပေါင်းများစွာထဲမှာတခုတလီရာဖြစ်ပျက်တတ်တေ၊ကမ္ဘာ့အရပ်ရပ်ကဘီလီယံနန့်ချီရေလူသားပေါင်းများစွာရို့၏အားရုံကိုဖမ်းစားနိုင်စွမ်းဟိရေအာဝါဟ၊ဝိဝါဟမင်္ဂလာပွဲတော်ပါ။ထောင်စုနှစ်ပေါင်းများစွာရှည်လျှားရေလူသားမျိုးနွယ်စုရို့၏နိုင်ငံရေး၊ယဉ်ကျေးမှု၊ဘာသာ၊သာသနာနန့်မြို့ပြဖြစ်တည်မှုသမိုင်းကြောင်းတလျှောက်လုံးမှာဘုရင်နန့်ဘရင့်မိသားစုဝင်များ၏အခန်းကဏ္ဍကိုမိပျောက်ပစ်လို့မရပါ။ခေတ်နန့်စံနစ်တိဘဇောင်ပင်ပြောင်းလာလီပါတ်စီ၊သူရို့၊သူရို့တိ၏ဦးဆောင်မှု၊ပီးဆပ်မှု၊အမြော်အမြင်ဟိဟိလုပ်ဆောင်မှုတိကြောင့်ပင်လျှင်ကမ္ဘာ့နိုင်ငံအသီးသီး၏သမိုင်းကြောင်းတိရေသူ့နည်းသူ့ဟန်နန့်သူဖြတ်သန်းဖြစ်တည်ပနာတည်တည်တံ့တံ့နိန်ထိုင်နိုင်လာကတ်စွာမဟုတ်ပါလား။

ယင်းနိမိုးထဖက်ကတော်ဝင်သမက်တက်ပွဲမြင်ကွင်းအစုံစုံကိုအကျွန်တနာရီခွဲလောက်ထိတီဗွီမှာကြည့်နိန်ဖြစ်ပါရေ။ကြည့်နိန်ယက်ပင်းဒေသျှောင်မျိုးဖြိုတိန်ကထီးနန်းဆိုင်ရာပွဲတော်တခုကိုအကြောင်းပြုလို့သူဌေးဖြစ်ရရေအထဲမှာအကြောင်းတချက်လားလို့တိုက်ဆိုင်ရေရခိုင်သူဌေးကြီးဦးရဲကျော်သူအကြောင်းကိုလားလို့အတွက်ပေါ်နိန်မိပြန်ပါရေ။ *“ဖျိုင်းတောင်၊ငှက်တောင်တိရေကကောင်းအဖိုးတန်ရေလူ့အသုံးအဆောင်ပစ္စည်းတိဖြစ်တေ”* လို့သူ့အဖသည်ပြောဖူးရေစကားချေတခွန်းကိုနားထောင်မိပနာအလကားနီးပါးရရေငှက်မွှီး၊ငှက်တောင်တိကို(ဇာလုပ်လို့လုပ်ရဖို့မှန်းလည်းသေသေချာချာမသိပဲနန့်)ဦးရဲကျော်သူရေဂိုတောင်နန့်အပြည့်လှောင်ထားဖူးပါရေလှုတ်။ယင်းအချိန်ကာလ(သက္ကရာဇ်၁၈၀၀ကျော်)ကဖြိုတိန်ထီးနန်း၏အဘိသိက်ခံယူပွဲလုပ်ခစွာမှာဖက်သျှန်တခုကငှက်မွှီးထောက်ကျာကိုဆောင်းပနာတက်ရောက်ခြင်းလို့ဆိုပါရေ။အတိုသျှုံးကေယင်းပွဲတော်အတွက်ကမ္ဘာ့အနှံ့ငှက်မွှီး၊ငှက်တောင်လိုက်ရှာကတ်စွာမှာဦးရဲကျော်သူလှောင်ထားရေငှက်မွှီးဂိုဒေါင်ကိုတွိပနာအဘိသိက်သွန်းပွဲအတွက်အားလုံးဝယ်ယူလားလို့ဦးရဲကျော်သူရေသန်းနန့်ချီရေရူပီးဒင်္ဂါးတိကိုရလိုက်ဖူးရေလို့ဆိုပါရေ။

ယင်းနိကတိုက်တိုက်ဆိုင်ဆိုင်အကျွန်နန့်အနားမှာချထားမိရေ (Maurice Collis ၏ The Land of the Great Image)စာအုပ်ကိုဟိုလှန်၊အေလှောလုပ်မိပနာယင်းစာအုပ်ထဲကရခိုင်ဘုရင်သီရိသုဓမ္မရာဇာ၏အဘိသိက်ခံယူပွဲအကြိုကာလမြင်ကွင်းကိုရွီးထားရေအခန်း(၂၇)ကိုဖတ်မိပြန်ပါရေ။ရယင်းအချိန်ယင်းကာလကမြောက်ဦးရွှီမြို့တော်၏ဖွဲ့စည်းပုံရေအနောက်တိုင်းကခေတ်သစ်မြို့ပြတိပိုင်အကွက်ကျကျတည်ဆောက်ထားခြင်းမျိုးမဟုတ်သည့်တိုင်မြောက်ဦးရွှီမြို့တော်၏အကျယ်အဝန်းနန့်ကြွယ်ဝချမ်းသာမှုတိကိုနှိုင်းယှဉ်ဖို့ဆိုကေဖြိုတိန်ကလန်ဒန်၊နယ်သာလန်ကအမ်စတာဒမ်မြို့ကြီးတိနန့်အတူတူလောက်ဟိကြောင်းရွီးသားထားစွာကိုဖတ်ရပြန်ပါရေ။အဘိသိက်ခံယူပွဲကြိုကာလမှာဆိုကေမြောက်ဦးမြို့တော်မှာပင်လယ်ကျွေ့နိုင်ငံအသီးသီး၊အိန္ဒိယ၊ထိုင်း၊ဗမာအစဟိရေတိုင်းပြည်တိကသံတမန်ကိုယ်စားလှယ်တိ၊ကုန်သည်တိတအုန်းအုန်းနန့်ကြက်ပျံမကျစည်ကားနိန်ရေအချိန်လို့လည်းရွီးသားထားပါရေ။

တော်ဝင်သမက်တက်ပွဲကိုကြည့်နိန်ယက်ပင်းဟိုစကေချေ၊ဒေစကေချေအတွက်ပေါ်နိန်မိကြောင်းပါ။



ခင်မင်မှုဖြင့်
ဦးသိန်းမောင်

**ရက္ခိုင်ပြည်၏ အနာဂါတ်သည် ရက္ခိုင်အမျိုးကောင်းသား၊ အမျိုးကောင်းသမီးရို့၏ လက်ထဲတွင်ဟိသည်။**

“အကျွန်ဝါသနာပါစွာက
အနုပညာနန့်စာပီပါ။
တော်လှန်ရေးအလုပ်
ကတော့ကေ
မျိုးချစ်စိတ်အရင်းခံနန့်
တိုင်းပြည်အတွက်
မလုပ်မဖြစ်တေ
တာဝန်တရပ်ဖြစ်လို့
လုပ်နိန်စွာပါ။
တာဝန်ပြီးဆုံးကေ
ကိုယ်ဝါသနာပါရေအ
လုပ်ကိုရာလုပ်ဖို့လို့
စိတ်ကူးထားပါရေ”
လီထီးဦးကျော်ရင်
သံတွဲ

# အေပရယ်လ (April)

အေပရယ်လ၏နာမည်ပေါ်ပေါက်လာပုံကိုမည်သူမှအတိအကျမသိချေ။ အချို့ကဂရိနတ်ဖုရား Aphrodite (အချစ်နတ်ဖုရားမ)၏အမည်မှ ဆင်းသက်လာသည်ဟုယူဆကတ်ပြီးအချို့ကမူ လက်တင်ဝေါဟာရ aperire (ဖွင့်လှစ်ခြင်း၊ ကွင်းဖွင့်ခြင်း၊ စတင်ခြင်း ဟုအဓိပ္ပါယ်ရ) မှဆက်စပ်ပေါ်ပေါက်လာသည်ဟုယူဆကတ်ပါသည်။ ကမ္ဘာ့မြောက်ခြမ်း၌နွှီဦးပေါက်တွင်သစ်ပင်ပန်းမာလ်များစတင်ဖူးပွင့်ချိန်ကိုတင်စားကြောင်းယူဆမှုများလည်း ဟိပါသည်။အေပရယ်လသည်နှစ်တနှစ်၏စတုတ္ထမြောက်လဖြစ်ပြီးရက်ပေါင်း၃၀ဟိ၍အကြမ်းဖျဉ်းအားဖြင့်ရခိုင်ပြက္ခဒိန်၏တန်းခူးလနှင့်တိုက်ဆိုင်သော လဖြစ်ပါသည်။

ကမ္ဘာ့သမိုင်း၏သမိုင်းဝင်စာတင်ခြင်းခံရသောလူသားများအနက်အောက်ဖော်ပြပါပုဂ္ဂိုလ်များကိုအေပရယ်လတွင်ဖွါးမြင်ခဲ့ပါသည်–

အေပရယ် ၁၊ ၁၅၇၈ ဝီလီယံဟာဗေး (William Harvey) နှလုံးသွီးလည်ပတ်မှုသဘာဝကိုစတင်ဖော်ထုတ်ခဲ့သူအင်္ဂလိပ်ရူပဗေဒပညာသျှင်။

အေပရယ် ၁၊ ၁၈၁၅ အော့တိုဗွင်ဘိစ်မာ့ခ် (Otto von Bismarck) ၁၉ ရာစုတွင်ခေတ်သစ်ဂျာမန်အိုင်ပါယာကိုထူထောင်ခဲ့သည့်ဂျာမန်အဓိပတိ။

အေပရယ် ၂၊ ၁၈၄၀ အီမဲလ်ဇိုလာ (Emile Zola) ပြင်သစ်စာရွီးဆရာ၊နိုင်ငံရေးသမား။




အေပရယ် ၇၊ ၁၇၇၀ ဝီလီယံဝါးဒ်စ်ဝို့သ် ( William Wordsworth) ဗြိတိသျှကဗျာဆရာ။

အေပရယ် ၁၀၊ ၁၈၄၇ ဂျိုးဇက်ပိုလိဇာ (Joseph Pulitzer) ဟန်ဂေရီနွယ်ဖွါးအမေရိကန်သတင်းစာဆရာ။

အေပရယ် ၁၃၊ ၁၇၄၃ ထောမာ့စ်ဂျက်ဖာဆိန် (Thomas Jefferson) တတိယမြောက်အမေရိကန်သမ္မတ။

အေပရယ် ၁၅၊ ၁၄၅၂ လီယိုနာဒိုဒါဗိန်စီ (Leonardo da Vinci) အီတလီပန်းချီဆရာ။



အေပရယ် ၁၆၊ ၁၈၆၇ ဝီလ်ဘာရိုက် (Wilbur Wright)လီယဉ်ပျံကိုစတင်တီထွင်ခဲ့သူရိုက်ညီအစ်ကို၂ယောက်တွင်အစ်ကိုဖြစ်သူ။

အေပရယ် ၁၆၊ ၁၈၈၉ ချာလီချက်ပလိန် (Charlie Chaplin) အင်္ဂလိပ်ရုပ်ရှင်သရုပ်ဆောင်၊ဒါရိုက်တာနှင့်သီခြင်းရွီးဆရာ။

အေပရယ် ၁၇၊ ၁၈၉၄ နီကီတာကရုးချက်ဗ် (Nikita Khrushchev) စစ်အီးစစ်ပွဲကာလဆိုဗီယက်ခေါင်းဆောင်။

အေပရယ် ၂၀၊ ၁၈၈၉ အဒေါ့ဖ်ဟိတလာ (Adolf Hitler) ဒုတိယကမ္ဘာစစ်အတွင်းကဂျာမန်ခေါင်းဆောင်။

အေပရယ် ၂၁၊ ၁၉၂၆ ဒုတိယမြောက်အဲလိဇဘက်ဘုရင်မ (Elizabeth II) ဗြိတိသျှဘုရင်မ။



အေပရယ် ၂၂၊ ၁၇၂၄ အီမန်နျူယယ်ကင့်ထ် (Immanuel Kant) ဂျာမန်တွေးခေါ်ပညာသျှင်ပါမောက္ခ။

အေပရယ် ၂၂၊ ၁၈၇၀ ဗလာဒီမီယာလီနိန် (Vladimir Lenin) ရုသျှားမာ့က်စ်ဝါဒီဖော်သျှီဗိပါတီကိုတည်ထောင်ခဲ့သူ။

အေပရယ် ၂၃၊ ၁၅၆၄ ဝီလီယံသျှိတ်စပီးယား (William Shakespeare) အင်္ဂလိပ်ကဗျာနှင့်ပြဇာတ်ရွီးဆရာ။

အေပရယ် ၂၃၊ ၁၇၉၁ ဂျိမ်းစ်ဘူချာနန် (James Buchanan)၁၅ယောက်မြောက်အမေရိကန်သမ္မတ။

အေပရယ် ၂၃၊ ၁၈၁၃ စတီဖိန်အေဒေါက်ဂလာ့စ် (Stephen A. Douglas)အမေရိကန်ဥပဒေပညာသျှင်၊နိုင်ငံရေးသမား။

အေပရယ် ၂၅၊ ၁၅၉၉ အိုလီဗာကွင်ဝဲလ် (Oliver Cromwell) ၁၆ရာစုအင်္ဂလိပ်စစ်ရေးနှင့်နိုင်ငံရေးခေါင်းဆောင်။

အေပရယ် ၂၅၊ ၁၈၇၄ ဂူဂလိုင်မိုမာကိုနီ (Guglielmo Marconi) အသံလွှင့်ပို့စက်(သို့မဟုတ်)ရေဒီယိုကိုတီထွင်ခဲ့သူအီတာလျံရူပဗေဒပညာသျှင်။

အေပရယ် ၂၇၊ ၁၈၂၂ ယူလီးဆက်စ်အက်စ်ဂရန့် (Ulysses S. Grant) ၁၈ယောက်မြောက်အမေရိကန်သမ္မတ။

အေပရယ် ၂၈၊ ၁၇၅၈ ဂျိမ်းစ်မွင်ရိုး (James Monroe) ၅ယောက်မြောက်အမေရိကန်သမ္မတ။




**အေပရယ် ၁**
**အေပရယ်အရူးနိ**



**အေပရယ် ၄**
**ဆီနီဂေါလ်နိုင်ငံ**
**လွတ်လပ်ရေးနိ**



**အေပရယ် ၂၇**
**တိုဂိုနိုင်ငံ**
**လွတ်လပ်ရေးနိ**



**အေပရယ် ၂၇**
**ဆီရီယာလီယွန်နိုင်ငံ**
**လွတ်လပ်ရေးနိ**



## ဧည့ဝတီ(ပထမ)ခေတ်
## ရခိုင်မင်းမြတ်များ

(ဘီစီ၂၇၁၈ မှ ၁၈၅၈ ထိ)

၁၈။ ကံရာဇာကြီး

၁၉။ ကံရာဇာငယ်

၂၀။ ဣန္ဒသူရိယ

၂၁။ အသူရိန္ဒသူရိယ

၂၂။ သာရမိတ္တ

၂၃။ သူရိယမင်း

၂၄။ မင်းထီး

၂၅။ မင်းပါ

၂၆။ စည်ပေါင်းသူ

၂၇။ တံတိုင်းသင်

၂၈။ ကျော်ခေါင်စည်

၂၉။ သူရိယစန္ဒမိတ္တ

၃၀။ အနန္တဘယ

၃၁။ လကျ်ာစည်သူ

၃၂။ သီဟကုဿိ

၃၃။ မင်းဘုန်းသန်

၃၄။ သတ္တမှီး

၃၅။ ဇေယျနန္ဒသူ

၃၆။ တက္ကသူ

၃၇။ လကၡဏာ

၃၈။ ဂုဏရာဇ်

၃၉။ သီဝရာဇ်

၄၀။ မင်းလှမှီး

၄၁။ ပူရိန္ဒ

# အေပရယ်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၁–အမေရိကန်ပြည်ထောင်စုတွင်ပြည်သူများသည်ပြီးခဲ့သည့်မာ့ချ်လအတွင်းအလုပ်အကိုင်သစ်ပေါင်း၂၁၆၀၀၀ ရဟိခကတ်ကြောင်းနှင့်နိုင်ငံတွင်းအလုပ်လက်မဲ့နှုန်းမှာလည်း၈.၈ရာနှုန်း(၂၀၀၉မာ့ချ်မှစ၍အနိမ့်ဆုံးအခြေအနေ)တွင်ဟိကြောင်းဖြင့်သတင်းများတွင်ဖေါ်ပြသည်။

၁– နိုင်ငံတွင်းအစိုးရအရာဟိကြီးများ၏ခေါက်ဆွဲစားမှုများပပျောက်ရေးအစီအမံ၏အစိတ်အပိုင်းတရပ်အဖြစ်ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်စန်းသည်သူ၏ပိုင်ဆိုင်သမှုအစုစုရှိ့အားအေနိတွင်အများပြည်သူသို့ထုတ်ပြန်ကြော်ငြာမှုပြုလုပ်လိုက်ပြီးအခြားအရာဟိများအားလည်းသူကဲသို့လုပ်ဆောင်လားကတ်ရန်တိုက်တွန်းလိုက်သည်။

၂– အက်သျှန်သရုပ်ဆောင်ဂျက်ကီသျှန်းအပါအဝင်အာသျှတိုက်၏ရုပ်ရှင်အကျော်အမော်များသည်ဂျပန်ငလျှင်ဒဏ်ခံရသူများသို့လှူဒါန်းရန်ဟောင်ကောင်၌ရုံပုံငွီရှာဖွီရာတွင်ဟောင်ကောင်ဒေါ်လာ၂၅သန်း(အမေရိကန်ဒေါ်လာ၃.၂သန်း)ရဟိသည်ဟုဆိုသည်။

၃– ၂၀၀၉ခုနှစ်ကပျက်ကျလားသည့်ပြင်သစ်လီကြောင်းပိုင်လီယဉ်ပျံ၏အပိုင်းအစများအားအတ္တလန်တိတ်သမုဒ္ဒရာထဲတွင်တွိဟိရကြောင်းဖြင့်ပြင်သစ်စုံစမ်းစစ်ဆေးရေးအရာဟိများကဆိုသည်။

၃– မက္ကဆီကိုနိုင်ငံတွင်မူးယစ်ဆီးဝါးဂိုဏ်းများအားစစ်ဆင်ရေးတရပ်ဆင်နွှဲရန်အစိုးရမှကြော်ငြာချက်ထုတ်ပြန်ပြီးနောက်ပိုင်း၊နိုင်ငံတွင်းတွင်လူပေါင်းငါးထောင်ခန့်ပျောက်ဆုံးနိန်ကြောင်းဖြင့်လူ့အခွင့်ရေးအဖွဲ့များကထုတ်ဖေါ်ပြောဆိုသည်။

၄– အိုင်ဗရီကို့စ်နိုင်ငံတွင်ရွီးကောက်ပွဲအနိုင်ရသမ္မတသစ်နှင့်သမ္မတဟောင်းနှစ်ဦး၏ထောက်ခံသူများအကြားတွင်တိုက်ပွဲများဖြစ်ပွါးနိန်ရာနိုင်ငံခြားသားများအပါအဝင်နိုင်ငံသားအချို့လည်းထွက်ပြီးတမ်းသျှောင်နိန်ကတ်ဗျာယ်ဖြစ်သည်။

၄– အိန်ဒိုနီးသျှားနိုင်ငံဂျားဗားကျွန်းတွင်ရီချတာစကေး ၆.၇ ဟိသည့်ငလျှင်တခုလှုပ်ခတ်လားသည်။

၄– ဟောင်ကောင်တွင်ပြုလုပ်သည့်တရုတ်အနုပညာလက်ရာများဏျှော်တင်ပွဲတွင်သုံးစုံတွဲအနုပညာလက်ရာတခုကိုဟောင်ကောင်ဒေါ်လာ၇၉သန်း(အမေရိကန်ဒေါ်လာ ၁၀သန်းကျော်)ပီး၍ဝယ်ယူလားမှုဖြစ်ပွါးသည်။

၄– ယီမိန်နိုင်ငံတွင်အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများဖြစ်ပွါး၍အစိုးရတပ်ဖွဲ့များမှပစ်ခတ်ရာတွင်အနည်းဆုံးလူ၁၇ဦးခန့်သီဆုံးလားသည်။

၅– လိဗျားတွင်အစိုးရမှဆွေးနွေးပြောဆိုရန်ကမ်းလှမ်းရာသူပုန်တပ်ဖွဲ့များက ဂဒါဖီရာထူးမှနှုတ်ထွက်မပီးမချင်းငြိမ်းချမ်းရေးအဆိုပြုချက်ကိုမိမိရို့လက်မခံနိုင်ကြောင်းဖြင့်ပြောဆိုလိုက်သည်။

## ၈၃ ကြိမ်မြောက်ဟောလီးဝုဒ်အာကယ်ဒမီဆုများ (အယင်လမှအဆက်)

အကောင်းဆုံးရုပ်မြင်ပုံဖေါ်မှု။ ။ Inception (Paul Franklin, Chris Corboould, Andrew Lockley and Peter Bebb)

အကောင်းဆုံးအသံရောနှောမှု။ ။ Inception (Lora Hirschberg, Gary A. Rizzo and Ed Novick)




အကောင်းဆုံးအသံတည်းဖြတ်မှု။ ။ Inception (Richard King)'

အကောင်းဆုံးဇတ်ညွှန်း(မူလစကားပြော)။ ။ The King's Speech (David Seidlet)

အကောင်းဆုံးဇတ်ကားတိုသရုပ်ဆောင်မှု။ ။ God of Love (Luke Matheny)

အကောင်းဆုံးဇတ်ကားတိုကာတွန်း။ ။ The Lost Thing (Shaun Tan and Andrew Ruhemann)

အကောင်းဆုံးဇတ်ညွှန်း(ဇတ်ဝင်ခန်းစကားပြော)။ ။ The Social Network (Aaron Sorkin)

## အေပရယ်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၅– အနောက်တောင်ပိုင်းလီကြောင်းလိုင်းတွင်လီယဉ်လုံခြုံမှုဆိုင်ရာပြဿနာများဖြစ်ပွါးအပြီးတွင်အမေရိကန်အမျိုးသားလီကြောင်းထိမ်းသိမ်းရေး၌ါနအနိန်ဖြင့်ဘိုးအိန်း၇၃၇စီးရေပေါင်း၁၇၅စီးအားစုံစမ်းစစ်ဆေးမှုများပြုလုပ်လားမည်ဖြစ်ကြောင်းသတင်းထုတ်ပြန်သည်။

၅– ဖမ်းဆီးခံတရုတ်အနုပညာသျှင်အိဝေဝေ၏အနာဂါတ်ကံကြမ္မာအပေါ်စိုးရိမ်မကင်းဖြစ်ရပါကြောင်းလူ့အခွင့်အရေးနှင့်အနောက်အုပ်စုအသိုင်းအဝိုင်းမှပြောဆိုလိုက်သည်။

၅– အိုင်ဗရီကို့စ်နိုင်ငံတွင်သမ္မတ၂ဦးအကြားတိုက်ပွဲများပြင်းထန်လာနိန်ပြီးအေဂုအခါပြင်သစ်နှင့်ကမ္ဘာ့ကုလသမဂ္ဂတပ်ဖွဲ့များလည်းရှီးကောက်ပွဲနိုင်သမ္မတဖက်မှဝင်ရောက်တိုက်ခိုက်မှုစတင်ဗျာယ်ဖြစ်သည်။

၅– ကမ္ဘာ့စက်မှုထိပ်သီး၇နိုင်ငံ၏စီးပွါးရေးသည်တိုးတက်မှုအထိုက်အလျှောက်ဟိနိန်ကြောင်းဖြင့်သတင်းများကဆိုသည်။

၆–ကမ္ဘောဒီးယားဘုရင်ဟောင်းနိုရိုဒန်သီဟာနုသည်တရုတ်နိုင်ငံတွင်ကိုးလကြာဆီးကုသမှုခံယူပြီးနောက်အေနိတွင်သူ့နိုင်ငံသို့ပြန်လည်ရောက်ဟိလာသည်။

၆– မလေးသျှားနိုင်ငံတွင်တရားမဝင်အလုပ်သမားများထိမ်းသိမ်းစခန်းတခုမှထိမ်းသိမ်းခံသူများ၏ထွက်ပြီးမှုတခုဖြစ်ပွါးရာအဆိုပါစခန်းအနားတောထဲမှလူပေါင်း၅၈ယောက်ကိုပြန်လည်ဖမ်းမိပြီးများစွာမှာလွတ်မြောက်နိန်တုန်းဖြစ်ကြောင်းသတင်းများကဆိုသည်။

၆– ရွှီစီးသည်တအောင်စလျှင်အမေရိကန်ဒေါ်လာ၁၄၅၀ဖြင့်စံချိန်တင်မြင့်တက်လားသည်။

၇– နှစ်စဉ်နှစ်တိုင်းတရုတ်ပြည်မမှလာရောက်အချေမွှီးနိန်ကတ်သည့်ထောင်ပေါင်းများစွာသောအမျိုးသမီးအရေအတွက်အားကန့်သတ်လားမည်ဖြစ်ကြောင်းဟောင်ကောင်အာဏာပိုင်များကဆိုသည်။

၇– ဘရာဇီးနိုင်ငံရီယိုဒီဂျနေးရိုးမြို့မှစာသင်ကျောင်းတကျောင်းထဲသို့သေနတ်သမားတယောက်ဝင်ရောက်ပစ်ခတ်သဖြင့်ကျောင်းသား၊ကျောင်းသူအချေ ၁၂ယောက်ခန့်သီဆုံးလားသည်။

၇– အာဖရိကတိုက်နိုင်ဂျာနိုင်ငံမှစစ်အစိုးရသည်နိုင်ငံကို၁၄လကြာအုပ်စိုးပြီးနောက်ပြည်သူများမှအသစ်ရှီးကောက်တင်မြှောက်သည့်သမ္မတသစ်၏လက်သို့နိုင်ငံအာဏာကိုလွှဲပြောင်းပီးအပ်လိုက်သည်။

၈– တရုတ်နိုင်ငံမှစာရှီးဆရာလူသျှောက်ဘိုအားနိုဘယ်ဆုချီးမြှင့်မှုအပေါ်တရုတ်အစိုးရ၏ဒေါသတကြီးတုန့်ပြန်မှုများဟိနိန်ဆဲဖြစ်ကြောင်းဖြင့်နော်ဝေနိုင်ငံမှပြောဆိုလိုက်ပြီးယင်းကိုအခြီခံလျှက်ပင်လျှင်နှစ်နိုင်ငံဆက်ဆံရေးများအထိုက်အလျှောက်မပြေလည်မှုများဟိနိုင်ကြောင်းဖြင့်ဆိုသည်။

## လီဗာပူးလ်၏ အာသျှခရီးစဉ် ၂၀၁၁

အိန်ဂလန်ဖရီးမီးယာလိဂ်မှနာမည်ကြီးအသင်းတသင်းဖြစ်သည့်လီဗာပူးလ် (Liverpool) ဘောလုံးအသင်းသည်၂၀၁၁ခုနှစ်၊ဂျူလိုင်လအတွင်းတွင်အာသျှနိုင်ငံ၃နိုင်ငံသို့လားရောက်ကာချစ်ကြည်ရေးဘောလုံးပွဲများကဇါပ်လားမည်ဖြစ်သည်။အဆိုပါခရီးစဉ်အတွင်းလီဗာပူးလ်အသင်းသည်မလေးသျှား၊တရုတ်နှင့်တောင်ကိုးရီးယားနိုင်ငံအသင်းများနှင့်ကဇါပ်လားမည်ဖြစ်သည်ဟုဆိုသည်။လီဗာပူးလ်အသင်းသည်ပြီးခသည့်နှစ်၊ဂျူလိုင်လအတွင်းကလည်းထိုင်း၊စိန်ကာပူအသင်းများနှင့်လားရောက်ကဇါပ်ခပြီးအသင်း၏လေးပုံတပုံနီးပါးသောအားပီးပရိတ်သတ်မှာအာသျှမှဖြစ်သည်ဟုသိရသည်။ (အေပရယ်၈/ဘန်ကောက်ပို့စ်၊ချိုင်းနားဒေလီ)



### “ဘဝအမှောင်သို့ လျှောက်လှမ်းနိန်သူများ”

ဖဲနှင့်အရက်၊
သုံးဖြုန်းချက်ကြောင့်
ဆင်းရဲတွင်းနက်၊ ဘဝပျက်ကာ
စွဲမက်စရာ၊ လူ့ရပ်ရွာတွင်
လူရာမဝင်၊ လူတွင်မဆန့်
လူမခန့်ပဲ၊ လူညွန့်လည်းတုံး
မိုက်မှောင်ဖုံးလျှက်၊ ယူကျုံးမရ
ဖြစ်တတ်စွ ဟု၊ ဗုဒ္ဓမြွတ်စွာ
ဟောခ မှာသည်
ကျမ်းလာသဂီါဟ
အဟောတည်း။

***ကိုကျော်သောင်း***

### ကမ္ဘာ့ကုန်းမြီနှင့်ရီပြင်

ခန့်မှန်းခြီအားဖြင့်ကမ္ဘာ့မျက်နှာပြင်ဧရိယာ၏၃၀ရာနှုန်းသည်ကုန်းမြီဖြစ်ပြီးစုစုပေါင်းအကျယ်အဝန်းမှာ ၅၇၂၅၉၀၀၀ စတုရန်းမိုင် (၁၄၈၃၀၀၀၀၀ စတုရန်းခီလိုမီတာ)ဖြစ်သည်။ ရီပြင်ဧရိယာမှာကမ္ဘာ့မျက်နှာပြင်၏ ၇၀ ရာနှုန်းဖြစ်ပြီးစုစုပေါင်းဧရိယာမှာ ၁၃၉၆၉၂၀၀၀ စတုရန်းမိုင် (၃၆၁၈၀၀၀၀၀ စတုရန်းခီလိုမီတာ)ဖြစ်သည်။

***(Source: The Handy Science Answer Book)***

## သိထားသင့်သော အင်္ဂလိပ်ဘာသာအတိုကောက်များ

**(အယင်လမှ အဆက်)**

Dr.- Doctor

ဒေါက်တာ၊ ဆရာဝန်။

e.g. – exempli gratia (Latin, "for example")

"ဥပမာအားဖြင့်" (လက်တိန်ဘာသာစကားကိုအခြေခံထားသည့်အတိုကောက်ဖြစ်ပါသည်။)

EPA – Environmental Protection Agency

သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးအေဂျင်စီ

ERA – Equal Rights Amendment

သာတူညီမျှအခွင့်အရေးဆိုင်ရာဖော်ပြသည့်ဥပဒေပျင်ဆင်ချက်။

Est. - established

စတင်တည်ထောင်သည်။

Est. – estimated

ခန့်မှန်းသည်။ ခန့်မှန်းချက်။ ခန့်မှန်းခြေအားဖြင့်။

EST – Eastern Standard Time

အရှိပိုင်းစံတော်ချိန်။ အရှိပိုင်းဒေသစံပြုအချိန်။

ETA – estimated time of arrival

(ရထား၊ လေယဉ်ပျံစသည်) ထွက်ခွါရာနေရာသို့ဆိုက်ရောက်မည့်ခန့်မှန်းခြေအချိန်။

Etc. – et cetera (Latin, "and the rest"

– – နှင့်အစဟိသည်၊ စသည်ဖြင့်— (လက်တိန်ဘာသာစကား)

*ဆက်လက်ဖော်ပြလားပါမည်။*

## အေပရယ်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၈– "ပညာရေးပထမ" (Education First) မှပြုလုပ်သောစစ်တမ်းတရပ်အရတရုတ်လူမျိုးများသည်အိန္ဒိယလူမျိုးများထက်အင်္ဂလိပ်စကားကောင်းကောင်းမွန်မွန်ပြောတတ်လာဗျာယ်ဖြစ်သည်ကိုတွေ့ဟိရသည်ဟုဆိုပါသည်။

၈– ဖိလိပိန်းနိုင်ငံတွင်နိုင်ငံ၏ပထဝီဆိုင်ရာအား သရီး–ဒီ(3-D)ဖြင့်ပုံဖော်ပြုလုပ်ထားခြင်းဖြင့်နိုင်ငံအတွင်းကျရောက်လာနိုင်သည့်ဘေးဒုက္ခများကိုကာကွယ်လားနိုင်လိမ့်မည်ဖြစ်ကြောင်းဖြင့်သမ္မတဘနီနိုအက္ကိနိုကစီစဉ်ပြောဆိုသည်။

၈– ဥရောပသမဂ္ဂသည်ပေါ်တူဂီ၏ကြွေးမြီကိစ္စအတွက်ယူရိုငွေ၈၀ဘီလီယံကိုထုတ်ချီးလားမည်ဟုမျှော်လင့်ရကြောင်းဖြင့်သတင်းများတွင်ဖော်ပြသည်။

၉– လိဗျားတွင်ဂဒါဖီသစ္စာခံတပ်ဖွဲ့များနှင့်ဆန့်ကျင်သူတပ်ဖွဲ့များကြားတွင်တိုက်ပွဲများပြင်းထန်စွာဆက်လက်ဖြစ်ပွါးနိန်ပြီးဂဒါဖီသစ္စာခံတပ်များ၏တိုက်ခိုက်မှုကြောင့်အေနိတွင်အရပ်သား၄ယောက်ခန့်သီဆုံးလားကြောင်းသတင်းများကဆိုသည်။

၉– နယ်သာလန်နိုင်ငံတွင်သေနတ်သမားတယောက်မှစျီးဝယ်စတိုးကြီးတခုတွင်ဝင်ရောက်ပစ်ခတ်သဖြင့်လူ၆ဦးခန့်သီဆုံးပြီးအခြားလူ၁၀ခန့်ဒဏ်ရာရဟိလားကြောင်းနှင့်ထိုသို့ပစ်ခတ်အပြီးတွင်အဆိုပါသေနတ်သမားသည်မိမိကိုယ်မိမိပစ်သီလားကြောင်းအာဏာပိုင်များကဆိုသည်။

၁၀– အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟယ်လာရီခလိန်တန်ကဖမ်းဆီးခံတရုတ်နိုင်ငံရေးနှင့်လူ့အခွင့်အရေးလှုပ်သျှားသူများအားပြန်လည်လွှတ်ပီးရန်တောင်းဆိုမှုပြုလုပ်လိုက်မှုအပေါ်သူ့နိုင်ငံပြည်တွင်းရေးအားဝင်ရောက်စွက်ဖက်မှုမပြုလုပ်ရန်တရုတ်အာဏာပိုင်များကပြန်လည်ပြောဆိုလိုက်သည်။

၁၀– အိုင်ဗရီကိုစ့်နိုင်ငံမှရွီးကောက်ပွဲနိုင်သမ္မတအားနိုင်ငံအာဏာလွှဲမပီးသည့်သမ္မတဟောင်းလော့ရန့်ဂျီဘာဘိုနိန်ထိုင်ရာအိမ်ယာအဆောက်အဦးသို့ကမ္ဘာ့ကုလသမဂ္ဂနှင့်ပြင်သစ်မှဟောလီကော့ပတာများနှင့်ပစ်ခတ်သည်။

၁၁– လိဗျားသူပုန်များအားအာဖရိကသမဂ္ဂကိုယ်စားလှယ်များတွိဆုံသည်။

# ကမ္ဘာ့အချိန်အမှန်ဆုံးလီကြောင်းများ

လီယဉ်ခရီးစဉ်များဖြင့်ခရီးလားသည့်အခါ လီယဉ်နောက်ကျလို့စိတ်ပျက်ဖူးပါလား။ ခရီးစဉ်ဖျက်သိမ်းလို့မူလအစီအစဉ်တိအားလုံးပျက်ယွင်းဖူးပါလား။နောက်တခါယင်းသျှောင်မျိုးမဖြစ်ရအောင်အချိန်မှန်တိကျသည့်လီကြောင်းများဆိုင်ရာဗဟုသုတဟိပါစီ။

အပြည်ပြည်ဆိုင်ရာလီကြောင်းခရီးစဉ်ထိမ်းသိမ်းရေးဌါနများ၏မှတ်တမ်းရယူမှုများအရထွက်ခွါချိန်ဆိုက်ရောက်ချိန် အမှန်ကန်ဆုံးကမ္ဘာ့လီကြောင်း၁၀ခုမှာတဖက်ပါအတိုင်းဖြစ်ပါသည်။



| စဉ် | လီကြောင်းဌါနအမည် | ပျမ်းမျှ နောက်ကျချိန် | ထွက်ခွါချိန် မှန်ကန်မှု |
|---|---|---|---|
| ၁ | BMI Regional | ၇.၁ | ၉၈.၇ % |
| ၂ | Eastern Airways | ၈.၃ | ၉၉.၂ % |
| ၃ | City Jet / Scot Airways | ၈.၈ | ၈၅.၆ % |
| ၄ | VLM Airlines (in detail) | ၈.၉ | ၈၆.၀၃ % |
| ၅ | KLM | ၉.၃ | ၈၄.၇ % |
| ၆ | Scandinavian SAS | ၁၀.၁ | ၄၁.၈ % |
| ၇ | Logan Air | ၁၀.၂ | ၈၆.၄ % |
| ၈ | Air Southwest | ၁၀.၃ | ၈၂.၀ % |
| ၉ | Air Berlin | ၁၁.၇ | ၇၉.၁ % |
| ၁၀ | BMI British Midland | ၁၁.၇ | ၇၉.၂ % |

Source: The Gotravel24 team

## အေပရယ်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၁၂- ရာသျှားနိုင်ငံတွင်နိုင်ငံအာဏာပိုင်များမှသူရှိ၏ပိုင်ဆိုင်မှုများကိုစာရင်းသျှင်းတမ်းထုတ်ပြောဆိုမှုများပြုကတ်ရာတွင်ရာသျှားသမ္မတဒီမီထရီမက်ဗီဒက်အနိန်ဖြင့်သူ၏တန်ဖိုးအမြင့်ဆုံးပိုင်ဆိုင်မှုမှာစတာလိန်ခေတ်မှကားတစီးသာဖြစ်ကြောင်းနှင့်သူ၏ဇနီးသည်တွင်လည်းစုဆောင်းထားဟိဋ္ဌိမဟိကြောင်းထုတ်ဖေါ်ပြောဆိုသည်။

၁၃- ပြင်သစ်နှင့်ဗြိတိန်ဂေါင်းဆောင်များသည်ဂဒါဖီဆန့်ကျင်သူများသို့စစ်ရေးအကူအညီများပီးလားရန်သဖေါတူကြောင်းပြောဆိုလိုက်သည်။

၁၄- လီကြောင်းထိန်းသိမ်းရေးအရာဟိများတာဝန်ကျချိန်တွင်အိပ်နိန်ကတ်ကြောင်းစုံစမ်းတွိဟိများထွက်ပေါ်လာအပြီးတွင်အမေရိကန်လီကြောင်းထိန်းသိမ်းရေးအရာဟိချုပ်သည်ရာထူးမှနှုတ်ထွက်လားသည်။

၁၅- အလုံးအရင်းနှင့်ဘဏ်ထုတ်ငွိကြီးဖြင့်ထောက်ပံ့လိုက်အပြီးတွင်အိုင်ယာလန်နိုင်ငံ၏စီးပွါးရေးသည်ပြန်လည်ဦးမော့လာဗျာယ်ဖြစ်ကြောင်းနှင့်၊သို့သော်အခက်အခဲများတည်ဟိနိန်တုန်းဖြစ်ကြောင်းဥရောပအာဏာပိုင်များကထုတ်ဖေါ်ပြောဆိုသည်။

၁၆- လိဗျားနိုင်ငံတွင်မာမွာ့ဂဒါဖီ၏တပ်များသည်တရားမဝင်သည့်ခလပ်စတာဗုံးများကိုသုံးစွဲတိုက်ခိုက်ကြောင်းဖြင့်သတင်းများကဆိုသည်။

၁၇- အမေရိကန်နှင့်တောင်ကိုးရီးယားနိုင်ငံများ၏လွတ်လပ်သောစီးပွါးကုန်သွယ်မှုများတိုးမြှင့်ပြုလုပ်လားမည်ဖြစ်ကြောင်းအမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟယ်လာရီခလိန်တန်ကပြောဆိုသည်။

၁၈- ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဘန်ကီမွန်းသည်အာရပ်ကမ္ဘာတွင်ဒီမိုခရေစီလိုလားသည့်ပြည်သူများ၏ဆန္ဒပြမှုများအပေါ်အစိုးရများ၏ကိုင်တွယ်မှုများအားဖိအားပီးမှုများပြောဆိုမှုများဟိနိန်သော်လည်းအလားတူဖမ်းဆီးမှုများဖြစ်ပေါ်နိန်သည့်တရုတ်နိုင်ငံထဲမှအရေးအခင်းများနှင့်ပက်သက်၍မှုတိတ်ဆိတ်ငြိမ်သက်နိန်ကြောင်းအကဲခတ်များကဝေဖန်ပြောကြားကတ်သည်။

၁၉- နယူးယော့ရှိစီးကွက်တွင်ရွှိတအောင်စလျှင်၁၅၀၀ဒေါ်လာစျီးပေါက်သည်။

## ဗုဒ္ဓဟူးဂြိုဟ် (Mercury)



**တည်နေရာ။** ။ နီနှင့်အပါးဆုံးဂြိုဟ်။

**နီမှအကွာအဝီး။** ။ ၃၅၉၀၀၀၀၀မိုင် (၅၇၈၀၀၀၀၀မီတာ)။

**နီကိုတပတ်ပတ်မိရန်ကြာသည့်ရက်ပေါင်း။** ။ ၈၈ (ကမ္ဘာ့အခြီပြု)ရက်။

**အချင်း။** ။ ၃၀၃၂မိုင် (၄၈၈၀ကီလိုမီတာ)။ (ကမ္ဘာ့အချင်းထက်၃ပုံ၁ပုံခန့်ငယ်သည်။)

**အလီးချိန်။** ။ ၃၃၀ ကွိန်တီလီယံတန် (quintillion tons) (ကမ္ဘာ့အလီးချိန်၏၁၈ပုံ၁ပုံခန့်ဟိသည်။

**သိပ်သည်းဆ။** ။ ၁ ကုဗဆိန်တီမီတာလျှင် ၅.၄၃ ဂရမ်။

**ဝင်ရိုးဗဟိုပြုတပါတ်လည်ရန်ကြာချိန်။** ။ ၅၉ ကမ္ဘာ့အခြီပြုရက်။

**ဝင်ရိုးတိမ်းစောင်းမှု။** ။ ၀ ဒီဂရီနီးပါး။

**မျက်နှာသွင်ပြင်။** ။ Heavily Cratered

**ဂြိုဟ်၏မျက်နှာပြင်ကိုလွှမ်းခြုံထားသည့်အရာ။** ။ မည်သည့်ဒြပ်စင်မှမည်မည်ရရတည်ဟိမနိန်ပါ။

**အပူချိန်။** ။ -၂၈၀ဒီဂရီဖာရိန်ဟိုက်မှ -၈၀၀ဒီဂရီဖာရိန်ဟိုက်အတွင်းတွင်ဟိသည်။

**ဂြိုဟ်အမှတ်အသား။** ။



"ဖုရားလက်ဆောင်
များမြောင်ဆီမီး
မုလေးပွါးကေ
ကုတ္တားထီးနန့်"

*"ရာဇာစောထီး
လက်ရုံးကိုးထောင်
စက်ဘုန်းရောင်နှင့်
မောင်ဦးရီးမှာ
ကံကျီးမြို့ရွာ
ပီးတုံပါ၍"*

"ဖြုတ်ဆိတ်ကေ နဂါးဖေါင်
လ ကိုမျှောင်"

*"တိမ်တောင်တင့်ထွန်း
ထက်ကောင်းကင်မှာ
ကြယ်ဗင်းထမ်းလေ"*

"ကြယ်ဖြူရာထောင်သောင်း
အထက်လည်းကောင်းကင်
အာကာပြင်မှာ
ကြယ်မီးကျောင်းရာ"

“စစ်သားတယောက်အဖြစ် အသက်မွေးဝမ်းကျောင်းသူတဦး ဖြစ်နိန်သည့်တိုင်အကျွန်ရေ စစ်တိုက်ခြင်းကိုနှစ်မြို့လှစွာ မဟုတ်ပါ။ စစ်တိုက်ခြင်းရေငြိမ်းချမ်းစီဖို့ အတွက်ဦးတည်မနိန်ခကေ စစ်တိုက်ခြင်းကို အကျွန် တခါလည်းအားမပီးပါ”

“လူတိုင်းမှာအယူသည်း၊ အစွဲသန်မှုတိဟိတတ်ပါရေ။ အကျွန့်မှာအလေ့အထ ဟိရေအစွဲသန်မှုတခုက တော့ကေ ကိုယ်စ မိရေ ခရီးတခုကို အဆုံးထိ မရောက်ရောက်အောင် လားတတ်ခြင်းပင်ဖြစ်ပါရေ”

**ယူလီးဆက်စ်အက်စ်ဂရန့်**

## အေပရယ်လ ရက်စဥ်ကမ္ဘာ့သတင်းများ

၂၀– ထိုင်ဝမ်နိုင်ငံတွင်စစ်ဗိုလ်ချုပ်ကြီးတဦးသည်တိုင်းပြည်အပေါ်သစ္စာမဟိမှုဖြင့်ဖြုတ်ချခံရသည်။

၂၀– ကိုလံဘီယာနိုင်ငံတွင်မိုးသည်းထန်စွာရွာသွန်းပြီးမြေပြိုမှုများဖြစ်ပွါးသဖြင့်ရာပေါင်းများစွာသောမိသားစုများ သည်အေဂုအခါလုံခြုံရာအမိုးအကာများအောက်တွင်ခိုလှုံနိန်ကတ်ရသည်။

၂၀– အိန္ဒိယနိုင်ငံသည်ဂြိုဟ်တုဒုစင်းတင်ဆောင်ထားသည့်ဒုံးပျံယဥ်အားအာကာသထဲသို့အောင်မြင်စွာပစ်လွှတ် လိုက်သည်။

၂၁– တရုတ်တွေးခေါ်ပညာသျှင်ကွန်ဖျူးသျှပ်၏ရုပ်ထုအားလူစည်ကားရာတီယန်နန်မိန်ရင်ပြင်အနားမှသည်လူသူ အရောက်အပေါက်နည်းပါးသည့်နေရာသို့ရွှေ့ပြောင်းလိုက်သည်ဟုသတင်းများတွင်ဖေါ်ပြသည်။

၂၂– ပြီးခသည့်လကဖြစ်ပွါးသည့်ငလျှင်နှင့်ဆူနာမီဒဏ်များကြောင့်ပျက်စီးဆုံးသျှုံးမှုများအားပြန်လည်ပြုပျင်ရန် ဂျပန်အစိုးရသည်အထူးဘက်ဂျက်တခုအနိန်ဖြင့်ဂျပန်ယန်းငွေ၄ထရီလီယံ(အမေရိကန်ဒေါ်လာ၄၉ဘီလီယံ)ကိုသတ် မှတ်လျာထားလိုက်သည်။

၂၂– ဗြိတိန်အိမ်ရှိမင်းသားဝီလီယံနှင့်ကိတ်ရှိ၏လက်ထပ်ပွဲနီးကပ်လာသည်နှင့်အမျှလန်ဒန်မြို့တော်၌သန့်သျှင်း၊ ပျင်ဆင်မှုများ များစွာပြုလုပ်လျှက်ဟိသည်။

၂၃– ဆီရီးယားနိုင်ငံတွင်ပြည်သူ့ဆန္ဒပြမှုများပြင်းထန်လာနိန်ပြီးစစ်ဖက်မှပစ်ခတ်သဖြင့်အနည်းဆုံးဆန္ဒပြသမား ၁၃ ယောက်ခန့်သီဆုံးလားရာအစိုးရဝန်ကြီး၂ယောက်ရာထူးမှနှုတ်ထွက်လားသည်။

၂၄– အိန္ဒိယ၏အဓိကဂုရုကြီးများတွင်တဦးအပါအဝင်ဖြစ်သည့်ဆိုင်ဘာဘာသည်ဆီးရုံတွင်ကွယ်လွန်အနိစ္စ ရောက်လားသည်။

၂၅– လိဗျားတွင်လီကြောင်းမှတိုက်ခိုက်ခြင်းရပြီးနောက်ဂဒါဖီ၏ရုံးခန်းသည်ပျက်စီးလားကြောင်းဖြင့်သတင်းများက ဆိုသည်။

၂၅– စစ်တမ်းတရပ်အရတော်ဝင်ဘုရင့်မိသားစုကြောင့်သူရှိ၏နိုင်ငံသည်ပိုမိုကောင်းမွန်သောအနိန်အထားတွင် ဟိနိန်နိုင်ခြင်းဖြစ်သည်ဟုဗြိတိန်လူဦးရေ၃ပုံ၂ပုံမှယုံကြည်ကြောင်းဖေါ်ပြသည်ဟုဆိုသည်။

“သူများတိကိုကျွန်ပြုချင်ရေ စိတ်သက်သက်နန့်စစ်မက်ပြု ရေလူတိရေနောက်ဆုံးမှာ အသျှုံးနန့်ရင်ဆိုင်ကတ်ရ ပါလိမ့်မေ”

“သမ္မတကြီးကိုတွိကေ တခေါက်ချေပြောလိုက်ပါ။ ဇာတိဇာပိုင်ပင်ဖြစ်လီပါတ်စီ၊ အကျွန်နောက်မဆုတ် ဆိုစွာကိုပါ”

**ယူလီးဆက်စ်အက်စ်ဂရန့်**

# ရခိုင်ရိုးမတောင်တန်းကြီး

ရခိုင်ရိုးမတောင်တန်းသည်ရခိုင်ကမ်းရိုးတန်းဒေသနှင့်ဧရာဝတီမြစ်ဝှမ်းလွင်ပြင်ကြားတွင်တည်ဟိသည့်တောင်တန်းရှည်ဖြစ်သည်။နဂရေအငူမှသည်မြောက်ဖက်သို့အိန္ဒိယနိုင်ငံမဏိပူရနယ်ထိမိုင်ပေါင်း၆၀၀ခန့် (၉၅၀ခီလိုမီတာခန့်)ရှည်ရှည်မျောမျောသွယ်တန်းလားပြီး ရခိုင်ရိုးမတောင်တန်းဒေသထဲတွင်နာဂတောင်တန်း၊ချင်းတောင်တန်း၊လူသျှေတောင်တန်း၊ပက္ကိုင်တောင်တန်းများ အားလုံးအပါအဝင်ဖြစ်ပါသည်။ရခိုင်ရိုးမတောင်ကြောတန်းတခုတည်းသည်ပင်လျှင်မိုင်ပေါင်း၂၅၀ခန့်(၄၀၀ခီလိုမီတာ)ခန့်ရှည်လျှားပါသည်။ရခိုင်ရိုးမ၏အမြင့်ဆုံးအပိုင်းမှာဝိတိုရိယတောင်ထွဋ်ဖြစ်ပြီးအမြင့်ပေ ၁၀၁၅၀ (၃၀၉၄မီတာ)ဟိပါသည်။

*မိုးငြမ်း။ ။ ကမ္ဘာ့စွယ်စုံကျမ်း(၂၀၀၅)*





## အေပရယ်လ ရက်စဉ်ကမ္ဘာ့သတင်းများ

၂၆– တရက်တခြားမြင့်တက်လာနိန်သည့်စားသုံးကုန်စည်ဈေးနှုန်းများကြောင့်သန်းပေါင်းများစွာသောအာသျှတိုက်သားများသည်ပိုမိုဆင်းရဲတွင်းနက်မှုနှင့်ကြုံတွိရနိူင်ကြောင်းဖြင့်အာသျှဖွံ့ဖြိုးရေးဘဏ်၏အစီရင်ခံစာ၌ဖေါ်ပြသတိပီးထားသည်။

၂၆– လန်ဒန်မြို့တော်တွင်ကျင်းပလားမည်ဖြစ်သည့်၂၀၁၂အိုလံပစ်အားကဇါပ်ပြိုင်ပွဲအတွက်လက်မှတ်၆.၆သန်းကိုအများပြည်သူသို့စတင်ရောင်းချရာဝယ်လိုအားများပြားသည်ဟုသတင်းများတွင်ဖေါ်ပြသည်။

၂၇– တော်ဝင်လက်ထပ်ပွဲတော်အကြိုအဖြစ်ဗြိတိန်အိမ်ရှိမင်းသားဝီလီယံနှင့်ကြင်ယာတော်လောင်းကိတ်ရှိသည်စစ်ဖက်အလေးပြုမှုများနှင့်ဆိုင်သည့်အစမ်းလေ့ကျင့်မှုများကိုအေနိတွင်ပြုလုပ်ကတ်သည်။

၂၇– တိဘက်ရှိ၏အဝီးရောက်အစိုးရဝန်ကြီးချုပ်အဖြစ်ဟားဗာ့ကျောင်းဆင်းလော့ဘ်ဆွင်ဆန်ဂေး (Lobsang Sangay)အားရွီးကောက်တင်မြှောက်လိုက်ကြောင်းဖြင့်သတင်းထုတ်ပြန်သည်။

၂၈– ဘာစေလိုးနားအသင်းသည်ရီးယေးလ်မဒရိကို၂–၀ဖြင့်အနိုင်ရကာချန်ပီယံများဖလားဗိုလ်လုပွဲစဉ်သို့တက်ရောက်လားဗျာယ်ဖြစ်သည်။

၂၉– ထိုင်း–ကမ္ဘောဒီးယားနယ်စပ်ပြဿနာတွင်နှစ်ဖက်အပြန်အလှန်ပစ်ခတ်မှုများဆက်လက်ဖြစ်ပွါးနိန်တုန်းပင်ဖြစ်သည်။

၂၉– ၆.၂စကေးဟိသည့်ငလျှင်တရပ်ထိုင်ဝမ်တွင်လှုပ်ခတ်လားကြောင်းနှင့်ထိခိုက်ပျက်စီးမှုစာရင်းကိုမှုထုတ်ပြန်မှုမဟိသိကြောင်းဖြင့်သတင်းများတွင်ဖေါ်ပြသည်။

၂၉– ဗြိတိန်၏အိမ်ရှိမင်းသားဝီလီယံနှင့်သူ၏ကြင်ယာတော်လောင်းကိတ်ရှိသည်အေနိတွင်တော်ဝင်သမက်တက်ပွဲကိုဆင်နွဲလက်ထပ်ကတ်သည်။

၃၀– အသစ်စက်စက်လက်ထပ်ပြီးစဗြိတိန်အိမ်ရှိမင်းသားဝီလီယံနှင့်ကိတ်ရှိသည်ကြင်စဦးပျားရည်ဆမ်းခရီးကိုချက်ချင်းအလျှင်စလိုပြုလုပ်လိမ့်မည်မဟုတ်ကြောင်းဖြင့်တော်ဝင်အသိုင်းအဝိုင်းသတင်းများတွင်ဖေါ်ပြသည်။

၃၀– ဘော်ရီးသျှားဒေါ့ထ်မွန်အသင်းသည်နုရိန်ဘာ့အသင်းကို၂–၀ဖြင့်အနိုင်ရကာဂျာမန်လိဂ်ဘောလုံးပြိုင်ပွဲဖလားကိုဆွတ်ခူးရဟိလားသည်။

**‘နိုင်ငံတကာရေးရာရက္ခိုင်သတင်းစဉ်’ဝယ်ယူအားပီးသူများ၊ကူညီဖြန့်ချီပီးသူများနှင့်ရက္ခိုင်အမျိုးကောင်းသားအမျိုးကောင်းသမီးအပေါင်းအားအထူးကျေးဇူးတင်ဟိကြောင်းမှတ်တမ်းတင်အပ်ပါသည်။**

**Sources:** ***(သတင်းနှင့်အချက်အလက်များကို အောက်ဖေါ်ပြပါသတင်းဌာနများနှင့် စာအုပ်စာတမ်းများမှ စုဆောင်းရယူပါသည်။)***


ရခိုင်ဝေါဟာရအဘိဓါန်ကျမ်း (အသျှင်ဝါသဝ)

ရခိုင်ရှေးဟောင်းမြို့တော်များ (ထွန်းရွှေခိုင်—စစ်တွေကောလိပ်)

Time Magazine

Oxford Essential Biographical Dictionary

The New York Times Alamanac (2007)

The New Book of Knowledge (2005)

Student Discovery Encyclopedia (2003)

Countries of the World and Their Leaders

Yearbook (2004)

Chronicle of the 20th Century

The Complete Book of U.S. Presidents

http://www.bangkokpost.com/news/

http://www.bbc.co.uk/news/

http://www.cnn.com/

http://www.news24.com/

http://www.topix.com/world/south-america

http://www.smh.com.au/





**Ulysses Simpson Grant**

**ယူလီးဆက်စ်ဆိမ်ပဆွင်ဂရန့်**

(၁၈ ယောက်မြောက်အမေရိကန်သမ္မတ)

**မွီးနိ။** ။ အေပရယ်၂၇၊ ၁၈၂၂။

**ဘဝသက်တမ်း။** ။ ၁၈၂၂–၁၈၈၅။

**မွီးရပ်။** ။ ပွိုင့်ပလေးဆန့်(Point Pleasant)၊ အိုဟိုင်းအိုးပြည်နယ်။

**အမိ။** ။ ဟန်နာဆိမ်ပဆွင်ဂရန့် (Hannah Simpson Grant)။

**အဖ။** ။ ဂျက်ဆီရူးထ်ဂရန့် (Jesse Root Grant)။

**ဇနီး။** ။ ဂျူလီယာဘော့ဂ်ဒန့်ဂရန့် (Julia Boggs Dent Grant)။

**သားသမီးများ။** ။ Frederick, Ulysses, Ellen, Jesse

**ကောလိပ်/တက္ကသိုလ်။** ။ အမေရိကန်စစ်တက္ကသိုလ် (West Point)။

**အသက်မွီးအလုပ်အကိုင်။** ။ လယ်ယာလုပ်သား၊ အိမ်ပွဲစား။

**စစ်ရေးအတွိအကြုံ။** ။ အမေရိကန်ပြည်တွင်းစစ်၊မက္ကဆီကန်စစ်ပွဲများတွင်စစ်ဦးစီးချုပ်အဖြစ်တာဝန်ထမ်းဆောင်သည်။

**နိုင်ငံရေးလုပ်သက်။** ။ စစ်ရေးဆိုင်ရာအတွင်းဝန်၊ သမ္မတ။

**ပါတီ။** ။ ရီဖါဗလီကိန် (Republican)။

**ဒေသခံပြည်နယ်။** ။ အိုဟိုင်းအိုး (Ohio)။

**သမ္မတရွီးကောက်ပွဲသက်တမ်းတလျှောက်အတိုက်အခံများ။** ။ Horatio Seymour; Horace Greeley

**သမ္မတသက်တမ်း။** ။ Mar 4, 1869 မှ Mar 3, 1877 ထိ။

**ဒုတိယသမ္မတ။** ။ Henry Wilson (ဒုတိယသမ္မတအဖြစ်တာဝန်ထမ်းဆောင်နိန်တုန်း၁၈၇၅ခုနှစ်တွင်ဆုံးပါးသည်။)၊ Schuyler Colfax

# မြေပုံကြည့်ယက်ပင်းသတင်းဖတ်



အမေရိကန်ပြည်ထောင်စု၏အသစ်ထွက်ပေါ်လာသောလူဦးရေဆိုင်ရာစစ်တမ်းများအရအဖြူအမဲ၊အညိုစသည်ဖြင့်အသားအရောင်ကိုမှုတည်၍လည်းကောင်း၊အာသျှ၊အာဖရိက၊ဥရောပ၊လက်တိန်အမေရိကစသည်ဖြင့်မူရင်းနောက်ခံဒေသအပေါ်မူတည်၍လည်းကောင်းမည်သို့မျှတိကျစွာပြောဆို၍မရနိုင်သည့်အရောရောအနှောနှောလူဦးရေသည်တနှစ်ထက်တနှစ်ပိုမိုများပြားလာနိန်သည်ဟုဆိုပါသည်။အမေရိကန်လူဦးရေ၏ ၉ ရာနှုန်းသည်အဆိုပါကဲသို့သောရောနှောလူမျိုးများဖြစ်ပြီး၂၀၁၀ခုနှစ်သန်းခေါင်စာရင်းအရ ၃၂ ရာနှုန်းတိုးတက်လာသည်ဟုဆိုသည်။
*အေပရယ်၁၈/စီအန်အန်*







ဆူနာမီနှင့်ငလျှင်ဒဏ်ကြောင့်ပျက်စီးဆုံးရှုံးမှုများဟိနိန်လင့်ကစားလာမည့်ဂျူလိုင်လာရက်မှ၂၄ရက်နိထိအာဂျိန်ထီးနားနိုင်ငံတွင်ကျင်းပလားမည့်တောင်အမေရိကတိုက်ဖလားဘောလုံးပြိုင်ပွဲသို့အာသျှမှဂျပန်အသင်းဝင်ရောက်ယှဉ်ပြိုင်လားမည်ဖြစ်ကြောင်းဂျပန်ဘောလုံးအဖွဲ့အစည်းအရုံးမှပြောဆိုလိုက်သည်။ဂျပန်နှင့်မက္ကဆီကိုအသင်း၂သင်းသည်ကိုပါအမေရီးကားဖလားတွင်ဝင်ရောက်ကဇါပ်ခွင့်ရသည့်တောင်အမေရိကားမှမဟုတ်သောအသင်းများဖြစ်ကတ်သည်။

အုပ်စုများကိုအောက်ပါအတိုင်းခွဲခြားထားပါသည်–

| အုပ်စု အေ | အုပ်စု ဘီ | အုပ်စု စီ |
| --- | --- | --- |
| *အာဂျိန်ထီးနား* | *ဘရာဇီး* | *ချီလီ* |
| *ဘိုလီးဘီးယား* | *ပါရာဂွေး* | *မက္ကဆီကို* |
| *ကိုလံဘီယာ* | *ဗင်နီဇွဲလား* | *ပီရူး* |
| *ဂျပန်* | *အီကွေဒို* | *ဥရုဂွေး* |

Source: www.ca2011.com

အိုင်ဗရီကို့စ်နိုင်ငံတွင်ရွီးကောက်ပွဲ၌အနိုင်ရဟိသည့်သမ္မတအလာဆာနီအော်ထာရာ(**Alassane Ouattara**)အားရာထူးမှဆင်းမပီဘဲ ပဇီခံနိန်သည့်သမ္မတဟောင်းလောရန့်ဂျီဘာဘို(**Laurent Gbagbo**)သည်အာဏာလွှဲပီးရန်ငြင်းဆန်တိုက်ပွဲဝင်နိန်ရာမှနောက်ဆုံးတွင်ရွီးကောက်ပွဲအနိုင်ရသမ္မတ၏တပ်ဖွဲ့များထံသို့လက်နက်ချအညံ့ခံလိုက်သည်အဆိုပါသတင်းအားအမေရိကန်ပြည်ထောင်စု၊ဗြိတိန်နှင့်ကမ္ဘာ့ကုလသမဂ္ဂရို့မှကြိုဆိုလိုက်ပြီးဂျီဘာဘို၏ဇနီးအပါအဝင်လုပ်ဖေါ်ကိုင်ဖက်အကြီးအကဲများအားလုံးကိုစုံစမ်းစစ်ဆေးမှုများပြုလုပ်လားမည်ဖြစ်သည်ဟုဆိုသည်။အနိုင်ရသမ္မတအော်ထာရာမှတိုက်ပွဲမှာ အဆုံးသတ်ဗျာယ်ဖြစ်ကြောင်းနှင့်နိုင်ငံသည်ပုံမှန်အခြေအနေသို့လျှင်မြန်စွာရောက်ဟိနိုင်လိမ့်မည်ဟုမိမိမျှော်လင့်ပါကြောင်းပြောကြားလိုက်သည်။ *အေပရယ်၁၁/ဘီဘီစီ*



*လအတန်ကြာ ပဇီခံနိန်ပြီးနောက်လက်နက်ချလိုက်သည့်ဂျီဘာဘို*

*မျက်နှာဖုံးဆောင်းပါးမှ*

အထူးဖိတ်ကြားခြင်းခံရရေညှော်သည်တော်တိအထဲမှာပါးသျှန်းပင်လယ်ကွေ့၊ဘာရိန်းနိုင်ငံကအိမ်ရှိမင်းသားဆာလ်မန်ဘိန်ဟာမက်အယ်လ်ခါလီဖါကတော့ကေသူ့နိုင်ငံတွင်းမှာပြည်သူတိ၏ဆန္ဒပြပွဲတိဟိနိန်လို့အလာမဖြစ်လိုက်လို့ဆိုပါရေ။ ပွဲတော်သို့လူကိုယ်တိုင်ဖိတ်ကြားတက်ရောက်ခွင့်ရကတ်ပြီးကေတက်လာကတ်တေအထဲမှာယိုးဒယားကမင်းသမီးသီရိဒုံ၊ဂျပန်ဘုရင့်မိသားစုရို့အပါအဝင်ကမ္ဘာ့တလွှားကများစွာသောတော်ဝင်မိသားစုတိအင်တိုက်အားတိုက်တက်ရောက်လာကတ်စွာကိုတွိလိုက်ပါရေ။ ဘောလုံးအကျော်အမော်ဒေးဗိဘက်ခမ်းနန့်လီပြင်းထဲကဖယောင်းတိုင်သီခြင်း၏အဆိုတော်ဆာအယ်လ်တန်ဂျွန်ရို့ကိုလည်းပရိသတ်ထဲမှာတွိလိုက်ရပါယင့်။



*(တော်ဝင်သမက်တက်ပွဲတော်သို့တက်ရောက်လာသည့်ဒေးဗိဘက်ခမ်းရို့စုံတွဲ)*

ကမ္ဘာ့လူသားတိရေအချစ်ဇတ်လမ်းတိကိုနှစ်သက်၊သဖေါကျတတ်ကတ်ပါရေ။အခက်အခဲတိ၊ပင်ပမ်းဆင်းရဲမှုတိကြုံတွိကတ်ရရေအချိန်တိမှာမျှော်လင့်ချက်ကိုအသာငမ်းငမ်းတောင့်တတတ်ကတ်ပါရေ။လူသားရို့ထုံးစံအတိုင်းပ။ဘဇောင်အခြေအနေတရပ်ထဲမှာမဆိုဖေါက်တတ်တေလူတိကလည်းဟိနိန်တတ်စမြဲပါ။အစောင့်အသျှောက်ပုလိပ်ထောင်နန့်ချီလို့ချထားရေသမက်တက်ပွဲတော်အချိန်အတောအတွင်းမှာလူပေါင်း၅၅ယောက်အဖမ်းအဆီးခံကတ်ရရေလို့လည်းသတင်းတိထွက်ပေါ်လာပါရေ။

ဘုရင်နန့်ဘုရင့်မိသားစုဝင်တိစွာတိုင်းပြည်၏အကြီးအကဲတိ၊စည်းမျဉ်းခံဘုရင်စံနစ်ကျင့်သုံးသည့်တိုင်တိုင်းပြည်၏ကံကြမ္မာတရပ်ရပ်ကိုအတိုင်းအတာတခုထိအဆုံးအဖြတ်ပီးရေအခန်းကဏ္ဍမှာအဓိကပါဝင်ရေနိုင်ငံသားတိဖြစ်ကတ်ပါရေ။စားဝတ်နိန်ရေးအတွက်ပူပန်စရာမလိုရေအခြေအနေတရပ်ထဲမှာနိန်ထိုင်နိန်ကတ်သည့်တိုင်သူရို့တိစွာလည်းပုထုဇဉ်လူသားတိဖြစ်ကတ်တေအတွက်အချစ်၊အမုန်း၊အောင်မြင်မှု၊ကျဆုံးမှု၊ဘဝ၏ဒုက္ခ၊သုခ၊အခက်အခဲတိကိုခံစားကတ်ရပါရေ။ကျော်ဖြတ်ကတ်ရပါရေ။ကြိုးပမ်းကတ်ရပါရေ။မကြာခင်ကကြည့်လိုက်ရရေ(အေနှစ်အတွက်ဟောလီးဝုဒ်၏အကောင်းဆုံးရုပ်ရှင်ဇတ်ကားဆုကိုဆွတ်ခူးရဟိရေ)*ဘုရင့်မိန့်ခွန်းတော်(The King's Speech)*ဇတ်ကားထဲမှာယင်းအချက်ကိုပေါ်ပေါ်လွင်လွင်တွိမြင်လိုက်ရပါရေ။

စကားကိုဖြောင့်ဖြောင့်တန်းတန်းမပြောနှိုင်ပဲနန့်ထီးနန်းထုံးစံအရထီးမွှီ၊နန်းမွှီကိုဆက်ခံရရေဘုရင်ကလည်းနန်းတက်လာချိန်၊ကိုယ့်တိုင်းပြည်လုံခြုံရေးအတွက်စိုးရိမ်သောကရောက်နိန်ရရေအချိန်တိမှာဒုက္ခရောက်ရရေအမှတ်(၆)အင်္ဂလိပ်ဂျော့ဘုရင်၏မိမိကိုယ်တိုင်တိုက်ပွဲအကြောင်းဖြစ်ပါရေ။တိုင်းပြည်လုံခြုံရေးနန့်အနာဂါတ်အတွက်ဝန်ကြီးချုပ်အပါအဝင်အခြားနိုင်ငံရေးသမားတိအသည်းအသန်ပျင်ဆင်ကြိုးပမ်းနိန်ကတ်ရရေအချိန်မှာဂျော့ဘုရင်ကသူ့စကားကိုဖြောင့်အောင်ပြောနှိုင်ဖို့အတွက်အသည်းအသန်လေ့ကျင့်ပျင်ဆင်နိန်ရချိန်ဖြစ်နိန်ပြန်ပါရေ။တချိန်တည်းမှာပင်နိုင်ငံရေးသမားတိကလည်းနိုင်ငံပြည်သူလူထု၏စည်းရုံးမှု၊စိတ်ဓါတ်ပိုင်းဆိုင်ရာတက်ကြွမှုနန့်သူရို့လိုချင်ရေအတိုင်းအတာ၊အခြေအနေတရပ်ကိုပြည်သူအများ၏အာရုံစိုက်မှုရဟိဖို့အတွက်နိုင်ငံ့ဦးသျှောင်ဘုရင်ကြီး၏မနောပိုင်း၊ဝစီပိုင်း၊ကာယပိုင်းအထောက်အပံ့တိကိုလိုအပ်နိန်ချိန်ပါ။နောက်ဆုံးမှာစကားသံပိုင်းဆိုင်ရာမှာလည်းကျွမ်းကျင်၊သတ္တိလည်းအထိုက်အလျှောက်ဟိရေအထူးပါမောက္ခတယောက်၏အကူအညီနန့်ဂျော့ဘုရင်၏စကားသံနန့်အာရုံကြောဆိုင်ရာအခက်အခဲကိုအောင်မြင်စွာကျော်ဖြတ်ဖြစ်တေအကြောင်းပါ။ဒေနေရာမှာအကျွန်အဓိကတင်ပြချင်ရေအပိုင်းကဇာလဲဆိုကေဘုရင့်မိသားစုတိ၊ဆွိတော်၊မျိုးတော်တိစွာလည်းအပြင်ပမ်းကိုဖြုန်းခနဲကြည့်ဖို့ဆိုကေအားလုံးအဆင်ချောချော၊ပြေပြေညက်ညက်၊အံဝင်ဂွင်ကျ၊လက်ညှိုးညွှန်ရာလိုရာဖြစ်စီလို့ထင်ရစရာဖြစ်နိန်သည့်တိုင်သူရို့တိစွာလည်းအချစ်၊အမုန်း၊လောဖ၊ဒေါသ၊မောဟအစဟိစွာတိနန့်ဖွဲ့စည်းထားရေပုထုဇဉ်လူသားတိဖြစ်ကတ်တေအတွက်သူရို့တိ၏ဘဝတာထဲမှာလည်းအခက်အခဲတိ၊ကျော်လွှားဖြတ်သန်းစရာတိအများကြီးနန့်ဆိုစွာကိုပါ။တိုင်းပြည်၏စံပြမိသားစုတိဖြစ်နိန်ရေအတွက်ထိမ်းသိမ်းရရေလူမှုကျင့်ဝတ်တိ၊တော်ဝင်စည်းကမ်းတိကလည်းအများကြီးဟိနိန်လီဖို့ဆိုစွာကိုယုံမှားသံသယဖြစ်စရာမလိုပါ။တချို့အခြေအနေတိမှာကိုယ်ပိုင်လွတ်လပ်မှုအားနည်းလွန်းရေဘဝလို့သူရို့ကိုယ်သူရို့ထင်ကောင်းထင်လီဖို့လို့အကျွန်ယူဆ၊ယုံကြည်ဖြစ်ပါရေ။



*(တော်ဝင်သမက်တက်ပွဲတော်၏အတွင်းပိုင်းမြင်ကွင်းတနေရာ)*

အေဂုပြုလုပ်လိုက်တေတော်ဝင်သမက်တက်ပွဲစွာဗြိတိသျှဘုရင့်မိသားစု၏အသျှိန်အဝါနန့်ပြည်သူအများ၏အာရုံစိုက်မှုတိကိုအများကြီးရဟိစီရေလို့သုံးသပ်ကတ်ပါရေ။ဟုတ်လည်းဟုတ်တေလို့ယုံကြည်ရပါရေ။သမက်တက်ပွဲတော်မတိုင်ခင်တပါတ်အလိုမှာပြုလုပ်တေစစ်တမ်းတရပ်မှာဗြိတိန်ပြည်သူ၃ပုံ၂ပုံကျော်ခန့်ကသူရို့နိုင်ငံရေယင်းတော်ဝင်မိသားစုကြောင့်ပင်လျှင်ပိုလို့သင့်တော်ကောင်းမွန်ရေအနိန်အထားတရပ်ကိုဖြစ်တည်စီရေ၊ပိုလို့လူရှိသေ၊သျှင်ရှိသေဖြစ်စီရေလို့ထင်မြင်ယူဆကတ်တေလို့ဆိုပါရေ။ဟုတ်လည်းဟုတ်နှိုင်ပါရေ။

(စာမျက်နှာ ၁၄ သို့)

# စာပြည့်ညီရက္ခိုင်စာအုပ်စင်

*(ရခိုင်အကြောင်းကိုအပြည့်အစုံ(သို့မဟုတ်)တစိတစောင်းဖေါ်ပြရှီးသားထားရေစာအုပ်တိရေကမ္ဘာ့ဘာသာအသီးသီးထဲမှာအများကြီးဟိနိန်ကြောင်းသုတေသနပြုချက်တိအရသိဟိရပါရေ။ အကျွန်ရို့၏‘စာပြည့်ညီရက္ခိုင်စာအုပ်စင်’ကဏ္ဍာရေယင်းစာအုပ်တိကိုရှာဖွီပနာရခိုင်စာဖတ်ပရိတ်သတ်နန့်(တလမှာတအုပ်စီ)မိတ်ဆက်ပီးလားဖို့ဆိုရေရည်ရွယ်ချက်နန့်စီစဥ်တင်ပြထားခြင်းဖြစ်ပါရေ။)*




**စာအုပ်နာမည်။** ။ Legendary History of Burma and Arakan

**စာရှီးသူ။** ။ Captain C.J.F.S. Forbes (Late Deputy Commissioner, British Burma)

**ထုတ်ဝီသူ။** ။ Published by the Authority of Government.

**ထုတ်ဝီသည့်ခုနှစ်။** ။ ၁၈၈၂။

**စာမျက်နှာ။** ။ ၄၇ မျက်နှာ။

**စာအုပ်တန်ဖိုး။** ။ ၁၅ မှ ၂၀ ဒေါ်လာဝန်းကျင်တွင်ဟိပါသည်။

ဗြိတိသျှအစိုးရလက်ထက်တွင်လက်ထောက်ကော်မသျှင်နာမင်းကြီးတဦးဖြစ်သည့် Charles James Forbes Smith-Forbes (C.J.F.S. Forbes) ရှီးသားခသည့်စာအုပ်ချေဖြစ်ပါသည်။ စာအုပ်နာမည်ကို Legendary History of Burma and Arakan ဟုပီးထားသော်လည်းရှီးထားသည့်အကြောင်းအရာများထဲတွင်လက်ဟိမြန်မာပြည်နယ်နိမိတ်ထဲမှလူမျိုးအသီးသီး၏သမိုင်းထဲမှနိုင်ငံ၊နယ်မြေ၊မြို့တော်များအကြောင်းကိုရှီးသားထားသည်ကိုတွိရပါသည်။ စာရှီးသူအင်္ဂလိပ်အရာဟိကြီးသည်သူလက်လှမ်းမှီစုဆောင်းထားမိသမျှနှင့်ဒေသတွင်းသမိုင်းကိုအတိုင်းအတာတခုထိခြုံမိ၊ငုံမိအောင်သက္ကရာဇ်အလိုက်စီစဥ်ရှီးသားခဟန်တူပါသည်။

ယင်းအချိန်က Burma ဟူသောဝေါဟာရ၏အောက်တွင်Arakan, Burma နှင့်Peguဟူသည့်အပိုင်းကြီး၃ပိုင်းကိုစုပေါင်းခေါ်ဆိုကြောင်းရှီးသားထားသည်ကိုလည်းတွိရပါသည်။ ရခိုင်နှင့်ဗမာရှိဟောင်းသမိုင်းများသည်ဗုဒ္ဓဖုရားသျှင်၏ပရိနိဗ္ဗာန်စံတော်မူသည့်ကာလ၊အပိုင်းအခြားများနှင့်ဆက်စပ်နိန်ကြောင်းသူကရှီးသားထားသည်။စာအုပ်တနေရာ၌ဗမာများသည်ရခိုင်များကိုသူရို့၏ရှိဟောင်းအနွယ်တော်(စီနီယာ)များဟုအမြဲတမ်းသဖေါ်ထားလေ့ဟိကြောင်းနှင့်ကျောက်ပန်းတောင်းမြို့ကိုရခိုင်ပြည်၏မြောက်ပိုင်းမြို့တော်ဟုလည်းရှီးသားထားသည်ကိုတွိရပါသည်။တကောင်း၊ပြည်၊ပုဂံ၊တလိုင်း၊အင်းဝ၊ပဲခူး၊သျှမ်းသမိုင်းများကိုလည်းခုနှစ်အလိုက်အခန်းငယ်များခွဲ၍ရှီးသားထားပါသည်။

ဒေဝဓဟ၊ကောလိယမှသည်မြစ်ဖျားခံလျှက်၊အဘိရာဇာ၊ကံရာဇာကြီး၊ကံရာဇာငယ်အားလုံးပါဝင်သည်ကိုလည်းတွိရသည်။ မဟာသက္ကရာဇ်နှင့်ခရစ်သက္ကရာဇ်၂ခုကိုနှိုင်းယှဥ်တွက်ချက်မှုအရ ဗုဒ္ဓသျှင်တော်မြတ်ပရိနိဗ္ဗာန်စံတော်မူသည့်ရက်မှာ ဘီစီ၄၇၈ခုနှစ်၊အောက်တိုဘာလ ၇ ရက်၊ဗုဒ္ဓဟူးနိဖြစ်ကြောင်းတွက်ချက်ပြထားသည်ကိုလည်းတွိရပါသည်။ ဟိုဟောင်းရခိုင်များသည်သကျသာကီဝင်များဖြစ်သည်ကိုလည်းတစွန်းတစဖေါ်ပြထားသည်ကိုလည်းမှတ်သားရပါသည်။

စာအုပ်ငယ်ပြီးသမိုင်းတိုတိုထွာထွာချေများကိုမြည်းစမ်းကြည့်ချင်သူများအေစာအုပ်ကိုဖတ်ပါ။ ပိုမိုကောင်းမွန်၍သတိထားစရာအချက်တခုမှာအေစာအုပ်သည်ဗြိတိသျှအစိုးရ၏အကြီးတန်းအရာဟိကြီးတဦးမှတရားဝင်ထုတ်ဝီခ သည့်စာအုပ်ဖြစ်နိန်ခြင်းပင်ဖြစ်ပါသည်။

• • • • • • • • • • •

***မှတ်ချက်။ ။ ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးရို့အနိန်ဖြင့်တဆင့်ဝယ်ယူပီးစီလိုပါကအေစာစဥ်အယ်ဒီတာသို့ဖုန်းဖြင့်ဖြစ်စီ၊စာဖြင့်ဖြစ်စီ၊အီးမဲလ်ဖြင့်ဖြစ်စီအသေးစိတ်ကိုမိန်းမြန်းဆက်သွယ်ဝယ်ယူနိုင်ကတ်ပါရေ။ ကျေးဇူးတင်ပါရေ။***

## *စာစဥ်မှာယူလိုလျှင်*

အေသတင်းစဥ်ဝယ်ယူအားပီးချင်သူများအနိန်ဖြင့်အောက်ဖေါ်ပြပါနီးစပ်ရာစာစဥ်ကူညီဖြန့်ချီပီးသူများမှတဆင့်ဆက်သွယ်ဝယ်ယူနိုင်ကတ်ပါရေ။ ကျေးဇူးတင်ပါရေ။

ကို ကျော်သိန်း (ချီကာဂို)

☎ ၇၇၃-၄၁၄-၂၈၁၃

*ကို ဦးသိန်းမောင် (အိုင်အိုဝါ)*

*☎ ၅၁၅-၃၂၆-၄၆၂၂*

ကို အောင်ထွန်းစိန် (ပိစ်ဘာ့ဂ်)

☎ ၄၁၂-၄၀၃-၇၈၂၂

*ကို နိုင်မင်းဇံ (ဘာဖဲလို)*

*☎ ၇၁၆-၃၀၈-၃၅၆၆*

ဂိုးချေ (ယူတား)

☎ ၈၀၁-၅၁၂-၁၀၃၆

*ကို စောသိန်းမောင် (ချီကာဂို*

*☎ ၆၃၀-၇၄၉-၈၀၈၃*

ကိုယ့်ဘားမြို့၊ရွာများသို့ဖေသာပို့ချင်ပါလား?

လက်ဟိပေါက်စျီးနှင့်အယင်ဆုံးရောက်အောင်ပို့ဆောင်ပီးပါသည်။

*ကိုဦးသိန်းမောင်*

*(ဖုန်း-၅၁၅-၃၂၆-၄၆၂၂)သို့ဆက်သွယ်ကတ်ပါရန်။*



အားဒေသဆိုင်ရာအုပ်ချုပ်မှုအခွင့်အရေးများပိုမိုပေးလိုသည့်ဖက်သို့အားသန်သည်။အဆိုပါအယူအဆနှစ်ရပ်အပေါ်အခြေခံလျှက်ပင်ဖယ်ဒရယ်လိစ်ပါတီ(Federalist Party)နှင့်ဒီမိုခရက်ထိခ်–ရီဖါ့ဗလီကိန်ပါတီ(Democratic-Republican Party) ဟူ၍ပါတီကြီးနှစ်ရပ်ပေါ်ပေါက်လာရာဒီမိုခရက်ထိခ်–ရီဖါ့ဗလီကိန်ပါတီကိုဂျက်ဖာဆင်နှင့်ဂျိမ်းစ်မေဒီဆင်ရို့က ဦးဆောင်ဖွဲ့စည်းခကတ်သည်။ဂျော့ချ်ဝါရှိုန်တန်အနိန်ဖြင့်နိုင်ငံခြားရေးဆိုင်ရာမူဝါဒများချမှတ်ရာ၌ဟာမီလ်တန်၏အကြံဉာဏ်ရယူမှုများကိုတိုးမြှင့်လုပ်ဆောင်လာခြင်းကြောင့်၁၇၉၃ခုနှစ်တွင်ဂျက်ဖာဆင်သည်နိုင်ငံခြားရေးဝန်ကြီးရာထူးမှနုတ်ထွက်ပစ်လိုက်သည်။

သို့ဖြင့်၁၇၉၆ခုနှစ်သမ္မတရွေးကောက်ပွဲတွင် ဂျက်ဖာဆင်သည်သူတည်ထောင်သည့်ပါတီ၏သမ္မတလောင်းအဖြစ်ဝင်ရောက်အရွေးခံရာဖယ်ဒရယ်လိစ်ပါတီသမ္မတလောင်းဂျွန်အဒမ်အပေါ်ပြည်သူ့လွှတ်တော်မဲ၃မဲဖြင့်ကပ်သျှုံးသည်။သို့သော်ထိုအချိန်ကနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင်ပါတီနှင့်သမ္မတ၊ဒုသမ္မတရာထူးဆိုင်ရာများ၌တိကျသောပြဋ္ဌါန်းသတ်မှတ်မှုများမဟိသိသည့်အချိန်ဖြစ်ရာရွေးကောက်တင်မြှောက်ခံသမ္မတ၏အတိုက်အခံဆန့်ကျင်ဖက်ပါတီမှဖြစ်သော်လည်းဂျက်ဖာဆင်သည်ဒုတိယသမ္မတအဖြစ်တာဝန်ထမ်းဆောင်ခလီသည်။

သက္ကရာဇ်၁၈၀၀ပြည့်သမ္မတရွေးကောက်ပွဲတွင်မူဂျက်ဖာဆင်သည်ဖယ်ဒရယ်လိစ်များကြီးစိုးထားသည့်နိုင်ငံလွှတ်တော်အပေါ်အနိုင်ရကာအမေရိကန်ပြည်ထောင်စု၏တတိယမြောက်သမ္မတအဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရပြီးသူ၏ပြိုင်ဖက်အရွန်ဘာ;(Aaron Burr)သည်ဒုသမ္မတတာဝန်ကိုထမ်းဆောင်လီသည်။မှတ်မှတ်ရရပင်ထောမာ့စ်ဂျက်ဖာဆင်သည်ဝါရှိုန်တန်ဒီစီဟိသမ္မတရုံးတော်တွင်ပထမဦးဆုံးကျမ်းသစ္စာကျိန်ဆိုခသည့်သမ္မတဖြစ်ပါသည်။ထိုနောက်၁၈၀၄ခုနှစ်တွင်ဒုတိယသမ္မတသက်တမ်းအဖြစ်ရွေးကောက်တင်မြှောက်ခြင်းခံရပြန်သည်။ဂျက်ဖာဆင်သမ္မတလက်ထက်တွင်အအောင်မြင်ဆုံးမှတ်တမ်းမှာလူဝီစီယားနားနယ်မြေအားပြင်သစ်ရို့ထံမှဝယ်ယူရဟိလိုက်ခြင်းပင်ဖြစ်လီသည်။

တတိယမြောက်သမ္မတသက်တမ်းအတွက်အရွေးခံရန်ပါတီမှအဆိုတင်သွင်းမှုကိုမူဂျက်ဖာဆင်ငြင်းပါယ်လိုက်သည်။**မည်သည့်လူပုဂ္ဂိုလ်မဆိုနိုင်ငံသမ္မတအဖြစ်တတိယအကြိမ်မြောက်အထိရာထူးလက်ခံသင့်သည်ဟုသူမယုံကြည်ပါချေ။**သမ္မတရာထူးမှအနားယူပြီးနောက်ဂျက်ဖာဆင်သည်ဗာဂျီးနီးယားတက္ကသိုလ်တည်ထောင်မှုတွင်အားတက်သရောဦးဆောင်စီစဉ်ခလီသည်။အလုပ်များစွာလုပ်သောဂျက်ဖာဆင်သည်တဆတ်ဆတ်တင်ဟိလာသောကြွေးမြီများကိုမဆပ်နိုင်ဘဲနောက်ဆုံးတွင်သူ၏စာကြည့်တိုက်အားအစိုးရသို့ရောင်းချလားခလီသည်။(ဂျက်ဖာဆင်စာကြည့်တိုက်သည်နောက်ပိုင်းတွင်အမေရိကန်ပြည်ထောင်စုအစိုးရလွှတ်တော်၏စာကြည့်တိုက် (Library of Congress) ဖြစ်လာပါသည်။ စကားချပ်။)

**သတ္တိနည်း၍**
**သူရဲဘောကြောင်**
**သူတယောက်**
**သည်လူသားတဦး**
**၏ (မြင့်မြတ်သော)**
**စိတ်ဓါတ်စွမ်းရည်**
**(ကိုထိမ်းသိမ်းရန်)**
**ထက်**
**ရန်လိုအငြင်းပွါးမှု**
**ကိုပိုမို (လိုလား)**
**ပြသ တတ်သည်။**

***ထောမာ့စ်***
***ဂျက်ဖာဆင်***

အမေရိကန်ပြည်ထောင်စု၏တတိယမြောက်သမ္မတထောမာ့စ်ဂျက်ဖာဆင်သည်သူကိုယ်တိုင်ရွီးသားခသောလွတ်လပ်ရေးကျေငြာစာတမ်းထုတ်ပြန်သည့်နှစ်၅၀တင်းတင်းပြည့်မြောက်သည့်၁၈၂၆ခုနှစ်၊ဂျူလိုင်လ၄ရက်နိတွင်(ဒုတိယသမ္မတဟောင်းဂျွန်အဒမ်ဆုံးပါးသည့်ရက်နှင့်တရက်တည်း)ကွယ်လွန်အနိစ္စရောက်လားခလီသည်။သူ၏သီတမ်းစာ၌သူ၏အုတ်ဂူတွင်ရွီးထွင်းရန်ရည်ညွှန်းသည့်သူ့ပုဂ္ဂိုလ်ရေးရာဖေါ်ပြမှုထဲတွင် **“အမေရိကန်ပြည်ထောင်စု၏လွတ်လပ်ရေးကျေငြာစာတမ်းကိုရွီးသားခသူ၊ဗာဂျီးနီးယားပြည်နယ်တွင်ဘာသာရေးလွတ်လပ်ခွင့်အတွက်ပြယုဂ်ပုဂ္ဂိုလ်နှင့်ဗာဂျီးနီးယားတက္ကသိုလ်၏ဖခင်ကြီး”**ဟူ၍ဂုဏ်ယူစွာရည်ညွှန်းရွီးသားထားပြီးသက်တမ်းနှစ်ဆက်တိုင်သူထမ်းဆောင်ခသည့် အမေရိကန်ပြည်ထောင်စု၏သမ္မတအဖြစ်ကိုတလုံးတပါဒမှဖေါ်ပြထားခြင်းမဟိပါချေ။

**မောင်သာပေါ် (ရမ်းဗြဲ)**

**သူ၏သံတမန်ရေးရာကျွမ်းကျင်မှုများကိုအသုံးချကာပြင်သစ်ရို့ထံမှသမ္မတထောမာ့စ်ဂျက်ဖာဆင်ဝယ်ယူခ သည့်**
**လူဝီစီယားနားနယ်မြေသည်**
**မစ္စစီပီမြစ်မှသည်ရော့ကီးတောင်တန်းများအထိကျယ်ပြန့်လှသောနယ်မြေဖြစ်ပါသည်။**
**အဆိုပါနယ်မြေ၏နယ်နိမိတ်ထဲတွင်အေနိခေတ်အမေရိကန်ပြည်နယ်များဖြစ်သည့်**
**လူဝီစီယားနား၊ အာကန်ဆက်စ်၊ မီဇူရီ၊ အိုင်အိုဝါ၊ မိန်နေဆိုးထား၊ မြောက်ဒါကိုတာ၊ တောင်ဒါကိုတာ၊ နဘရားစကား၊ ခန်းဆက်စ်၊ အိုကလာဟိုးမား၊ တက္ကဆက်စ်၊နယူးမက္ကဆီကို၊ ကော်လိုရာဒို၊ ဝိုင်ယိုးမိန်းနှင့် မွန်တားနားပြည်နယ်များအားလုံးအပါအဝင်ဖြစ်ပါသည်။ ၁၈၀၃ ခုနှစ်တွင်**
**အဆိုပါနယ်မြေကြီး**
**တခုလုံးကိုအမေရိကန်ဒေါ်လာ၁၅သန်းဖြင့်ဝယ်ယူခခြင်းဖြစ်ပြီးစျီးနှုန်းမှာ မြီတကေလျှင် ၃ဆင့် စျီးနှုန်းဖြစ်ပါသည်။**

# အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ

***အေအစ်စီအစဉ်သည်ရခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးများ၊ ရခိုင်ကျောင်းသားကျောင်းသူများအနေနှင့်ဖြင့်နိုင်ငံတကာစာနယ်ဇင်းများ၊နိစဉ်ထုတ်သတင်းစာများ၊ကျောင်းသင်ခဏ်းစာအုပ်များတွင်အင်္ဂလိပ်စာကိုဖတ်ရှုကတ်ရာ၌ပိုမိုသဖေါပေါက်နားလည်ကတ်စီရန်ရည်ရွယ်လျက်ကြိုးစားဘာသာပြန်ဆိုစီစဉ်တင်ဆက်ထားခြင်းဖြစ်ပါရေ။ ကမ္ဘာ့နန့်ရင်ဘောင်တန်းဗျာယ်ပညာပြည့်ဝ၊နှလုံးလှရေ အာဂ ရက္ခိုင်အမျိုးကောင်းသား၊အမျိုးကောင်းသမီးတိဖြစ်လာနိုင်ကတ်ပါစီ။ ။***

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

Anti-ballistic Missile Treaty (ABM): ဒုံးခွင်းဒုံးလျှော့ချရေးစာချုပ်။ မြီပြင်မှဝီဟင်ပစ်ဒုံးခွင်းဒုံးပျံပိုင်ဆိုင်ထားမှုများကိုနှစ်ဖက်သဖေါတူညီမှုဖြင့်အပြန်အလှန်လျှော့ချရန်အလို့ငှါအမေရိကန်ပြည်ထောင်စုနှင့်ဆိုဗီယက်ပြည်ထောင်စုရို့ကြားတွင်၁၉၇၂ခုနှစ်၌ချုပ်ဆိုခသောစာချုပ်ဖြစ်သည်။

Anti-clericalism: နိုင်ငံရေးကိစ္စများတွင်ဘာသာရေးဆိုင်ရာသြဇာတက္ကိမဟိသောပုဂ္ဂိုလ်၊အဖွဲ့အစည်းများပါဝင်ပါက်သက်မှုအားဆန့်ကျင်သည့်အယူအဆ၊ဝါဒ။

Anti-communism: ကွန်မျူနိဆန့်ကျင်သည့်ဝါဒ။ စစ်အီးကာလများအတွင်း၌ကမ္ဘာ့အခင်းအကျင်းများတွင်ဆိုဗီယက်၏သြဇာသက်ရောက်မှုများအားတိုက်ဖျက်ချေမှုန်းသည့်အမေရိကန်၏နိုင်ငံခြားရေးမူဝါဒ။ အမေရိကန်ပြည်တွင်းတွင်မူကွန်မျူနိစံနစ်အားအပြီးသတ်တိုက်ဖျက်ပစ်ရန်မှာလိတမာ့စက္ကူစမ်းသပ်မှုတခုကဲသို့ဖြစ်ဖွယ်ဟိသည်ဟုအကဲခတ်များကသုံးသပ်ကတ်ပါသည်။(လိတမာ့စက္ကူ၏အက်ဆိနှင့်ဗေ့စ်–အန္တိက်ခံရသည့်အရည်ပေါ်တွင်မူတည်၍အနီနှင့်အပြာရောင်များသို့တခုမှတခုသို့ပြောင်းတတ်ခြင်းကိုတင်စားဆိုလိုခြင်းဖြစ်ပါသည်။) ၁၉၅၀ပြည့်လွန်နှစ်များအတွင်း၊အမေရိကန်အထက်လွှတ်တော်အမတ်ဂျိုးဇက်မကာသီ (Joseph McCarthy)၏လှုံ့ဆော်မှုအောက်တွင်ကွန်မျူနိဝါဒဆန့်ကျင်ရေးသည်အမေရိကန်ပြည်တွင်းတွင်အထွဋ်အထိပ်သို့ရောက်ခဖူးပါသည်။

Anti-Semitism: ဂျူးဝါဒအပေါ်ဆန့်ကျင်သည့်ဝါဒ။ ယေယှုခရိတော်၏ဘာသာရေးဝါဒပေါ်ပေါက်လာသော်လည်းဂျူးများသည်ယင်းဝါဒ၏နောက်သို့မလိုက်ပဲမိမိရို့၏ဂျူးဝါဒအပေါ်တွင်သာစွဲမြဲယုံကြည်နိန်မှုအပေါ်ခရိယံဘာသာဝင်အချို့၏ဝါဒအရဆန့်ကျင်မှု။အချို့ခရိယံများကဂျူးဝါဒသည်လူမျိုးရေးကိုအခြီခံထားသည့်ဝါဒသာဖြစ်ပြီးဘာသာရေးဟုမယူဆကတ်ပါ။ အဆိုပါဝါဒသည်၁၉ရာစုဥရောပတိုက်(အထူးသဖြင့်ရာသျှား၊ဂျာမဏီနှင့်ပြင်သစ်)နိုင်ငံများတွင်ပေါ်ပေါက်လာသောဝါဒဖြစ်ပြီး၁၉၀၅–၁၉၀၉ခုနှစ်များအတွင်းကရာသျှားနိုင်ငံတွင်လည်းကောင်း၊၁၉၃၀–၁၉၄၀ခုနှစ်များအတွင်းကဟိတလာ၏နာဇီပါတီကြီးစိုးသည့်ဂျာမဏီနိုင်ငံတွင်လည်းကောင်းအပြင်းထန်ဆုံးအဆင့်သို့ရောက်ခဖူးပါသည်။

Anti-trust laws: ပုဂ္ဂလိကဆိုင်ရာလုပ်ငန်း၊ကုမ္ပဏီများ၏ငွီကြီးများစွာဖြင့်ထိမ်းချုပ်လျှက်ဒေသတွင်းစီးကွက်ချုပ်ကိုင်ချယ်လှယ်မှုများကိုကန့်သတ်လျှက်အများပြည်သူရို့၏လွတ်လပ်သောစီးကွက်ပုံသဏ္ဍာန်မပျောက်ပျက်စီရန်အလို့ငှါနိုင်ငံတော်အစိုးရ(သို့မဟုတ်)သက်ဆိုင်ရာဒေသခံအစိုးရများမှချမှတ်ထားသည့်(စီးကွက်သက်သာချောင်ချိရေးဆိုင်ရာ)တရားဥပဒေသ။

Apolitical: နိုင်ငံရေးတွင်မပါဝင်၊မပါက်သက်။အေစကားရပ်သည်ရွီးကောက်ပွဲများတွင်မဲပီးရန်ကိုလည်းမလိုလား၊ဂရုမစိုက်၊မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းနှင့်မှမပါက်သက်ပဲနိန်တတ်သည့်နိုင်ငံသားများနှင့်ယင်းသျှောင်နိုင်ငံရေးနှင့်ကင်းကင်းကွာကွာနိန်တတ်မှုကိုတင်စားခေါ်ယူခြင်းဖြစ်ဟန်တူပါသည်။

Apologetics: ခရိယံဘာသာတရားအပေါ်အကြောင်းအချက်များဖြင့်ခုခံပြောဆိုတတ်သည့်ဘာသာရေးဆိုင်ရာအုပ်စု၊အဖွဲ့။

Applogist: မိမိ၏အယူအဆ၊ယုံကြည်ချက်နှင့်သစ္စာတရားအပေါ်ခုခံ၊ချေပလျှက်ရွီးသားပြောဆိုတတ်သူ။

Appeasement: ခိုင်လုံသောအကြောင်းပြချက်တစုံတရာမဟိသော(သို့မဟုတ်)ခြိမ်းခြောက်မှုပါသောတောင်းဆိုမှုများကိုအင်အားချိနဲ့၊ပျော့ညံ့၍သော်လည်းကောင်း၊မိုက်မဲမှုကြောင့်သော်လည်းကောင်းအယော့ပီး၊လိုက်လျောမှု၊တောင်းဆိုသည့်အရာများကိုထုတ်ပီးမှု။

Appropriation: အစိုးရမှအတည်ပြုသည့်အသုံးစရိတ်များအပေါ်ပီးချီသည့်ငွီကြီးပမာဏ။

Arbitrary: ထင်မြင်ယူဆချက်တခုခု၊ကြားဖူးနားဝတခုခုအပေါ်မူတည်လျှက်သော်လည်းကောင်း၊အခွင့်အရေးတစုံတရာကြောင့်သော်လည်းကောင်း၊ရွီးချယ်မှုတရပ်အပေါ်တွင်လည်းကောင်းမူတည်လျှက်ဆုံးဖြတ်၊ပြောဆို၊လုပ်ကိုင်ဆောင်ရွက်မှု။ဆိုလိုသည်မှာအေသျှောင်မျိုးဆုံးဖြတ်၊ပြောဆို၊ဆောင်ရွက်မှုမျိုးသည်အမှန်တရားအပေါ်တွင်လည်းကောင်း၊အဆင့်အတန်းမြင့်၍ခိုင်မာသည့်ဥပဒေသများအပေါ်တွင်လည်းကောင်း၊ထုံးတမ်းစဉ်လာလက်ခံမှုစံတန်ဖိုးများအပေါ်တွင်လည်းကောင်းအခြီပြုချက်မှထွက်ပေါ်လာသည့်ရလဒ်မျိုး၊လုပ်ရပ်မျိုးမဟုတ်ပါချေ။

Arbitration: နှစ်ဦးနှစ်ဖက်အငြင်းအချက်ဖြစ်သောကိစ္စများတွင်ဆန့်ကျင်ဖက်နှစ်ဖက်လုံး၏အကျိုးကျေးဇူးကိုထောက်ရှုလျှက်ကိုယ်ချင်းစာနာစွာနှင့်တရားနည်းလမ်းကျစွာသုံးသပ်၊ပြောဆို၊ဆုံးဖြတ်သည့်တရားသူကြီး(သို့မဟုတ်)အကျိုးဆောင်အဖွဲ့(သို့မဟုတ်)အဆိုပါကိစ္စရပ်များ ဆောင်ရွက်ရန်အလို့ငှါအထူးတာဝန်ပီးခံရသည့်အုပ်စု။

Archives: အများပြည်သူဆိုင်ရာမှတ်တမ်းမှတ်ရာများအားသိုမှီးသိမ်းဆည်းထားဟိရာနေရာ(သို့မဟုတ်)အဆိုပါမှတ်တမ်းမှတ်ရာများ။

◆ ◆ ◆ ◆ ◆ ◆ ◆ ◆ ◆

***(လစဉ် မပျက်မကွက် ဆက်လက်တင်ဆက်လားမည်ဖြစ်ပါသည်။)***

The Arakan International
နိုင်ငံတကာရေးရာ ရက္ခိုင်သတင်းစဉ်

**ရက္ခိုင့်လူ့အဖွဲ့အစည်း အခြေပြုသတင်းစဉ် ဖြစ်ပါသည်။**

**ဖတ်ပါ။မှတ်ပါ။လေ့လာပါ။**

**ဆွေးနွေးအကြံပြုပါ။**

**ဝေဖန်သုံးသပ်ပါ။**

**စာမူ၊ကြော်ငြာနှင့် ရက္ခိုတန္တယ်ဖွါးရို့၏ လှုပ်သျှားမှုသတင်းများကို ပီးပို့အားပီးနိူင်ကတ်ပါရေ။**

**ပူးပေါင်း၊ဆက်သွယ်၊ ဆောင်ရွက်ကတ်ပါ။**

**အထူးကျေးဇူးတင်ပါရေ။**

**Editor:**

**Oo Thein Maung**

**ဆက်သွယ်ရန်လိပ်စာ**

1107 S Washington St.
Wheaton, IL 60189
U.S.A.

1-630-682-3616 (Home)
1-630-956-3382 (Cell)
theai2011@hotmail.com

တန်ဖိုး ၇ ဒေါ်လာ

၃ စောင်/ ၃လ စာ ၂၀ ဒေါ်လာ

၆ စောင်/ ၆လ စာ ၄၀ ဒေါ်လာ

၁ နှစ်စာ ၇၅ ဒေါ်လာ

# ကူဝိတ်နိုင်ငံ

# (State of Kuwait)








ကူဝိတ်နိုင်ငံသည်ပါးသျှန်းပင်လယ်ကွေ့၏ အနောက်မြောက်စွန်းတွင်တည်ဟိသည်။ ၁၉၁၄ခုနှစ်မှစ၍ဗြိတိသျှအစောင့်အရှောက်ခံနိုင်ငံဖြစ်ခရာမှ ၁၉၆၁ခုနှစ်တွင်လုံးဝလွတ်လပ်ရေးရဟိသည်။ဒုတိယကမ္ဘာစစ်အပြီးတွင်နိုင်ငံတွင်းရီနံရှာဖွီတွိဟိမှုနောက်ဝယ်ကူဝိတ်သည်ပါးသျှန်းပင်လယ်ကွေ့၏အချမ်းသာဆုံးနိုင်ငံများထဲတွင်တခုအပါအဝင်ဖြစ်လာသည်။၁၉၉၀ခုနှစ်ဩဂတ်စ်လတွင်ကူဝိတ်သည်အိမ်နားပါးချင်းအီရတ်၏အလုံးအရင်းနှင့်ဝင်ရောက်သိမ်းပိုက်ခြင်းကိုခံရပြီးအာရပ်ညွန့်ပေါင်းတပ်ဖွဲ့၊အာရပ်မဟုတ်သည့်အခြားမူဆလင်နိုင်ငံများ၊အမေရိကန်ဦးဆောင်သည့်အနောက်အုပ်စုနိုင်ငံများ၏အကူအညီဖြင့်၁၉၉၁ခုနှစ်ဖေဗျူဝါရီတွင်အချုပ်အချာအာဏာပိုင်နိုင်ငံပြန်ဖြစ်လာသည်။

**တရားဝင်အမည်။** ။ ကူဝိတ်နိုင်ငံ။

**တည်ထောင်သည့်ခုနှစ်။** ။ ၁၉၆၁

**မြို့တော်။** ။ ကူဝိတ်စီတီ (Kuwait City)။

**အဓိကမြို့ကြီးများ။** ။ ဆာလ်မီယာ (Salmiya)၊ဟာဝါလီ (Hawalli)၊ ဖရာနာဝီယာ(Faranawiya) ။

**လူဦးရေ။** ။ ၂.၇ သန်း (ဂျူလိုင်၊ ၂၀၀၉)။

**လူဦးရေသိပ်တည်းမှုနှုန်း။** ။ ၁စတုရန်းမိုင်လျှင် ၃၆၃ ယောက် (၁ စတုရန်းခီလိုမီတာလျှင် ၁၄၀ ယောက်)။

**အကျယ်အဝန်း။** ။ ၆၈၈၀ စတုရန်းမိုင် ( ၁၇၈၂၀ စတုရန်းခီလိုမီတာ)။

**ပြောဆိုသည့်ဘာသာစကား။** ။အာရေဗျ၊ အင်္ဂလိပ်။

**ကိုးကွယ်သည့်ဘာသာ။** ။ ဆူနီမူဆလင် ၄၅ ရာနှုန်း၊ ရှီယိုက်မူဆလင် ၄၀ ရာနှုန်း၊ ခရိယံ၊ ဟိန္ဒူနှင့်အခြား ၁၅ ရာနှုန်း။

**နိန်ထိုင်သည့်လူမျိုးများ။** ။ ကူဝိတ်တီ ၄၅ ရာနှုန်း၊ အခြားအာရပ် ၃၅ ရာနှုန်း၊ တောင်အာရှနွယ်ဖွါး ၉ ရာနှုန်း၊ အခြား ၇ ရာနှုန်း၊ အီရန် ၄ ရာနှုန်း။

**အစိုးရ။** ။ ဘုရင်အုပ်ချုပ်သည့်စံနစ်။

**ငွီကြီးယူနီ။** ။ ၁ ကူဝိတ်တီဒိုင်နာ (Kuwaiti dinar) လျှင် ၁၀၀၀ ဖီလ်(Fil)။

**စာတတ်မြောက်မှုနှုန်း။** ။ နိုင်ငံလူဦးရေ၏ ၈၃ ရာနှုန်း။

**ခယ်လိုရီစားသုံးမှု။** ။ ၃၁၇၀ ခယ်လိုရီ။

**ကမ္ဘာ့နိုင်ငံများ မိတ်ဆက်ကဏ္ဍ**

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| တော်ဝင်အာဝါဟဝိဝါဟ | ၁ |
| အယ်ဒီတာ့စကား | ၂ |
| အေပရယ်လ | ၃ |
| အေပရယ်လရက်စဉ်ကမ္ဘာ့သတင်းများ | ၄–၉ |
| မြေပုံကြည့်ယက်ပင်းသတင်းဖတ်၊သတင်းဖတ်ပနာမြေပုံကြည့် | ၁၀–၁၁ |
| ဗစာပြည့်ညိုရခိုင်စာအုပ်စင် | ၁၃ |
| ပညာဓိကဂေါင်းဆောင်များဖြစ်နိူင်ကတ်ပါစီ | ၁၄ |
| ပြုံးပြုံးရယ်ရယ်အသက်ရှည် | ၁၅ |
| ဗထာမဒ့စ်ဂျက်ဖာဆင် (မောင်သာပေါ်–ရမ်းဗြဲ) | ၁၆ |
| အင်္ဂလိပ်စကားပြောကတ်မေ | ၁၈ |
| အဆင့်မြင့်အင်္ဂလိပ်ဝေါဟာရများ | ၁၉ |
| ကူဝိတ်နိုင်ငံ | ၂၀ |


အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။